ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့၊ (17-11-2014) (၈၀၂၇)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# မြန်မာနိုင်ငံသည် အာရှတိုက်တွင် နောက်ဆုံးထွက်ပေါ်လာသည့် စီးပွားရေးနယ်မြေတစ်ခုဖြစ်ကြောင်း သမ္မတ ဦးသိန်းစိန် ပြောကြား

**ဘရစ္စဘိန်း နိုဝင်ဘာ ၁၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ Vulture လမ်းရှိ The Gabba ၌ ဩစတြေးလျ-မြန်မာ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ မစ္စတာ ဂလဲန်ရော်ဘင်ဆန်က ယနေ့ညပိုင်းတွင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ညစာစားပွဲ၌ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံသည် အချက်အချာကျသည့် တည်နေရာ၊ ကောင်းမွန်သည့် ဈေးကွက်အနေအထားနှင့် စွမ်းအင်မြင့်မားသည့် လုပ်သားအင်အားများ သာမက နိုင်ငံတော်အစိုးရ၏ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကြောင့် အာရှတိုက်တွင် နောက်ဆုံးထွက်ပေါ်လာသည့် စီးပွားရေးနယ်မြေတစ်ခုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် စဉ်ဆက်မပြတ်တိုးတက်မှုတို့ကို အာမခံသည့်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးနိုင်ရန်အတွက် မိမိ၏အရင်းအမြစ်များကို မိတ်ဆွေနိုင်ငံများနှင့် လက်တွဲကာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျ-မြန်မာ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ညစာစားပွဲတွင် မိန့်ခွန်းပြောကြားစဉ်။**
(သတင်းစဉ်)

တက်ကြွ
အားမာန်
အာဆီယံနှင့်
ရှင်သန်
ရှေ့ဆက်
မြန်မာတို့၏
မျှော်လင့်ချက်

ခေါင်းပါး
စာမျက်နှာ – ၆

# မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်မည်


**ရန်ကုန် နိုဝင်ဘာ ၁၆**

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အား Logistic Hub Airport အဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် နိုင်ငံတကာအဆင့် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် MC. Jalux Airport Service Co.,Ltd.တို့ သဘောတူလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ဆူးလေရှန်ဂရီလာဟိုတယ် ပဲခူးနှင့် မန္တလေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သည် **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❍

Destination Asia Travel & Tour Co.,Ltd. ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည် ၄၅၀ လိုက်ပါလာသည့် MS Seabourn Odyssey အပျော်စီးသင်္ဘော နိုဝင်ဘာ ၁၆ ရက်က မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)



**ကြေးမုံစာတည်းရှုထောင့် ၁၇-၁၁-၂၀၁၄၊ တနင်္လာနေ့**

## ပူးပေါင်းဆောင်ရွက်မှု ရလဒ်ကောင်း

မြန်မာနိုင်ငံက ဦးဆောင်ဦးရွက်ပြုသည့် အာဆီယံထိပ်သီးအစည်းအဝေးကြီးကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများမှ ပြည်သူများအတွက် အကျိုးရလဒ်ကောင်းများစွာ ပေါ်ထွန်းခဲ့သည်။ ယင်းမတိုင်မီကလည်း တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သော အေပက်ထိပ်သီးအစည်းအဝေးမှ မြန်မာနိုင်ငံ၏ အခွင့်အလမ်းကောင်းများကို မြင်တွေ့ခဲ့သည်။

ယခုလည်း ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ကျင်းပသော ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်သမ္မတကြီး တက်ရောက်နေပြီဖြစ်ရာ ရလဒ်ကောင်းများပေါ်ထွက်လိမ့်မည်ဟု ယုံကြည်ပါသည်။ ယခုနှစ်သည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံမှုနယ်ပယ် ပိုမိုကျယ်ပြန့်နေပြီဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံတကာဆက်ဆံမှုများ တိုးတက်လာသည့်အလျောက် အကျိုးရလဒ်ကောင်းများစွာလည်း ပေါ်ထွက်လာပေသည်။ မြန်မာနိုင်ငံ၏ သမိုင်းတွင် မကြုံဖူးသော အပြောင်းအလဲကာလသို့ ရောက်ရှိနေပြီဟု ဆိုရမည်ဖြစ်သည်။

ထိုသို့အပြောင်းအလဲများ တိုးတက်ဖြစ်ပေါ်လာသကဲ့သို့ ပြည်သူလူထု၏ မျှော်လင့်ချက်ရောင်ခြည်များလည်း မြင့်တက်နေမည်ဟု ယုံကြည်ပါသည်။ ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရာတွင် မိတ်ကောင်းဆွေကောင်းများ လိုအပ်ပါသည်။ ယခုနိုင်ငံတကာဆက်ဆံမှုနယ်ပယ်မှ မိတ်ကောင်းဆွေကောင်းများ ပေါ်ထွန်းနေပြီဟု ဆိုနိုင်ပါသည်။

ပြီးခဲ့သည့်လက နေပြည်တော်တွင် ကျင်းပခဲ့သည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် မူတည်၍ ချေးငွေများထပ်မံပေးသွားမည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် အာရှဖွံ့ဖြိုးရေးဘဏ်က ၈၀ ရာခိုင်နှုန်းချေးငှားထားသော အဓိကလုပ်ငန်းများမှာ အခြေခံအဆောက်အအုံလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးနှင့် စုစည်းခိုင်မာရေးလုပ်ငန်း၊ ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အကူအညီပေးရေးလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ကီလိုမီတာ ၁၁၈၀၀၀ အရှည်ရှိလမ်းများ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အိမ်ထောင်စုများအတွက် လျှပ်စစ်မီးသွယ်တန်းပေးခြင်းအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ သန်း၊ အသေးစားလုပ်ငန်း ငွေချေးဘဏ်စာရင်းဖွင့်လှစ်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ သန်း၊ ဆရာ ဆရာမများအား သင်တန်းပေးခြင်းအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ သန်းစသည့် ကူညီထောက်ပံ့ပေးမှုများမှာ ထင်ရှားသောသာဓကများဖြစ်သည်။

ထို့အပြင် ယမန်နှစ်က စွမ်းအင်ကဏ္ဍအတွက် လျှပ်စစ်ဖြန့်ဖြူးမှု ပိုမိုကောင်းမွန်ရေးစီမံကိန်းတွင် အမေရိကန်ဒေါ်လာ သန်း ၆၀၊ လျှပ်စစ်သယ်ပို့ဖြန့်ဖြူးမှု ပိုမိုကောင်းမွန်ရေးစီမံကိန်းတွင် အမေရိကန်ဒေါ်လာ သန်း ၈၀ ဆောင်ရွက်ပေးခဲ့ပြီး အနှစ် ၂၀ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်နေသည်။ လျှပ်စစ်ကဏ္ဍတွင် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းကို မြင်းခြံစီမံကိန်းတွင်လည်း တွေ့မြင်နိုင်သည်။

ပို့ဆောင်ရေးကဏ္ဍမှ မအူပင်-ဖျာပုံလမ်းပြင်ဆင်ရေးတွင် အမေရိကန်ဒေါ်လာ သန်း ၈၀၊ အရှေ့အနောက် စီးပွားရေးလမ်းကြောင်းနှင့် အိန္ဒိ-ကော့ကရိတ်လမ်းပြင်ဆင်ရေးလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရင်းနှီးမြှုပ်နှံမှုအတွက် ကမ်းလှမ်းပြင်ဆင်ထားသည်။ မူလတန်းလွန်ပညာရေးတွင် အဆိုပြုထားသော လုပ်ငန်းခွင်ပညာရေးအတွက် လူငယ်များအား ပြင်ဆင်ပေးခြင်းစီမံကိန်းတွင် အမေရိကန်ဒေါ်လာ သန်း ၂၀ လျာထားပြီး အခြားကဏ္ဍများအတွက် အမြောက်အမြား ပါဝင်ဆောင်ရွက်ရန်ရှိပေသေးသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံတကာဆက်ဆံမှုများ တိုးတက်ဖြစ်ထွန်းလာခြင်းသည် နိုင်ငံတော်နှင့် ပြည်သူပြည်သားများအတွက် အကျိုးရလဒ်ကောင်းများစွာကို ရရှိဖြစ်ထွန်းနိုင်ပေရာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖြစ်ထွန်းရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အားလုံးတက်ညီလက်ညီပါဝင်ဆောင်ရွက်ကြမည်ဟု ယုံကြည်ပါသည်။ ။

## မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြစ်ရေတင်စီမံကိန်းလုပ်ငန်းများစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နိုဝင်ဘာ ၁၅ ရက်နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အနီးရှိ ရွှေလုံ့ဗိုလ်မြစ်ရေတင် စီမံကိန်း၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူများအကျိုးအတွက် အဓိကအကောင်အထည်ဖော်နေသော ရွှေလုံ့ဗိုလ်မြစ်ရေတင်စီမံကိန်းကြီးရေရှည်တည်တံ့ခိုင်မြဲရေးနှင့်စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး၊ အကျိုးအရှိဆုံး၊ အမြင့်မားဆုံးအသုံးချနိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့မှ ပါဝင်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး နိုင်ငံတော်က အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေလုံ့ဗိုလ်မြစ်ရေတင်စီမံကိန်းလုပ်ငန်း ရေတင်အဆောက်အအုံနှင့် ရေပေးမြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ထီးတော်မိုးမြစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်ရှိ ရေယူအဆောက်အအုံများ၊ ရေသိုလှောင်အဆောက်အအုံများ၊ ထရန်စဖော်မာအဆောက်အအုံများကို စစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်ရှိ ပျော့ရွာမြစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်နှင့် စပါးခင်းများ၊ စိုက်ကွင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



## မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နီလာဟတ် ဆိုင်ရာလတ်၏နေရာတွင် မစ္စတာ လိုင်ရင်း ဆိုင်ညဇန်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာလိုင်ရင်း ဆိုင်ညဇန်ကို ၁၉၅၄ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် လာအိုနိုင်ငံ ဟွာဖန်းပြည်နယ်၌ မွေးဖွားခဲ့သည်။ ၎င်းသည် လာအိုနိုင်ငံ ပညာရေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

၎င်းသည် ၁၉၇၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာန၏ ဆရာအတတ်သင်ပညာရေးသင်တန်းကျောင်း၊ ဗီယင်ကျန်းပြည်နယ် ပညာရေးဌာန၊ ဆေဆွန်းဘန်အထူးဇုန်ပညာရေးဌာနနှင့် စုံစမ်းလေ့လာရေးဌာနတို့တွင်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ပရောက် လာအိုနိုင်ငံသားများဆိုင်ရာ ဦးစီးဌာနတို့တွင်လည်းကောင်း ရာထူးအသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စုံစမ်းလေ့လာရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ လိုင်ရင်း ဆိုင်ညဇန်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားနှစ်ယောက်နှင့် သမီးနှစ်ယောက်ရှိသည်။

**(နိုင်ငံခြားရေးဝန်ကြီးဌာန)**

## လမ်းလုပ်ငန်းများ လှည့်လည်စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် နိုဝင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ ရန်ကုန်-ပုသိမ်လမ်း၊ ဧရာဝတီတံတား(ညောင်တုန်း)၊ ကြိမ်ပင်ဆယ်-စကြေ့-ဓနုဖြူ-ဇလွန်လမ်းနှင့် ဇလွန်-ဟင်္သာတလမ်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဟင်္သာတခရိုင် အင်ဂျင်နီယာမှူးရုံး အစည်းအဝေးခန်းမ၌ ခရိုင်အင်ဂျင်နီယာမှူးနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ လမ်း/ တံတားလုပ်ငန်းများ တည်ဆောက်ထိန်းသိမ်းမှုများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး။**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး အပိုင်း(၂)နှင့် အပိုင်း(၃)ဆွေးနွေးပွဲများသို့ တက်ရောက်

**ဘရစ္စဘိန်း နိုဝင်ဘာ ၁၆**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး အပိုင်း(၂) "ကမ္ဘာ့စီးပွားရေး ရေရှည်တည်တံ့မှု"ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး အပိုင်း(၃) "စွမ်းအင်" ဆွေးနွေးပွဲသို့ ဆက်လက်တက်ရောက်ခဲ့သည်။

ထို့အပြင် နိုင်ငံတော်သမ္မတသည် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်လာကြသည့် ခေါင်းဆောင်များ၏ အလုပ်သဘောဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်သမ္မတသည် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် အခွန်စနစ် ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဂျီ-၂၀ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ အတိုက်အခံလေဘာပါတီခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေး

**ဘရစ္စဘိန်း နိုဝင်ဘာ ၁၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ အတိုက်အခံ လေဘာပါတီခေါင်းဆောင် မစ္စတာ ဘီလ်ရှော့တန်အား ယနေ့ ဒေသ စံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဘရစ္စဘိန်းကွန်ဗင်းရှင်းစင်တာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးအခြေအနေ၊ မြန်မာနိုင်ငံ၏ ပညာရေး၊ အလုပ်သမားရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ အတိုက်အခံ လေဘာပါတီခေါင်းဆောင် မစ္စတာ ဘီလ်ရှော့တန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

အသုံးပြုရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ထိရောက်ပြီး တာဝန်ယူမှုရှိသည့် လုပ်ထုံးလုပ်နည်းများနှင့် လူ့အဖွဲ့အစည်းများ၏ အားပေးကူညီမှုတို့ဖြင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များသည် ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း။

ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဖက်ကောင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် ဧပြီလမှစတင်၍ မြန်မာနိုင်ငံအပေါ် ကန့်သတ်ထားသည့် ခရီးသွားလာမှုနှင့် ဘဏ္ဍာရေးပိတ်ဆို့တားဆီးကန့်သတ်မှုများကို ဖယ်ရှားခဲ့သည့်နိုင်ငံလည်းဖြစ်ပါကြောင်း။

ဩစတြေးလျနှင့် မြန်မာနိုင်ငံတို့၏ ကုန်သွယ်မှုသည် ၃၈ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ သန်း ၁၃၀ နီးပါး အထိတိုးတက်လာခဲ့ပါကြောင်း။

မြန်မာနိုင်ငံအတွင်း ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၃၀ အနက် ဩစတြေးလျနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ သန်းကျော်နှင့် အဆင့်(၂၀)တွင်ရှိပါကြောင်း။

ဩစတြေးလျနိုင်ငံနှင့် နီးကပ်စွာ ဆောင်ရွက်မှုကို ဆက်လက်မြှင့်တင်ရန်၊ နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်တိုးမြှင့်ရန်နှင့် နှစ်နိုင်ငံအကြားရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် မိမိတို့အနေဖြင့်ကတိပြုပါကြောင်း။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး တိုးတက်လာစေရန်အတွက် ဘဏ်လုပ်ငန်း၊ စွမ်းအင်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး စသည့်ကဏ္ဍများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း။

ဩစတြေးလျ-နယူးဇီလန် ဘဏ်လုပ်ငန်းအုပ်စု(ANZ)သည်လည်း တရားဝင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင် ရရှိထားပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံအကြား တည်ရှိနေသော အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ ခိုင်မာသည့် ကြိုးပမ်းမှုကြောင့် ဆက်လက်ခိုင်မာလာမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

ဩစတြေးလျ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ဖက်အစိုးရများနှင့်အတူ ပူးပေါင်းကာ ပံ့ပိုးကူညီသွားကြရန် ဖြစ်ပါကြောင်း ဖြင့် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



# ဖွံ့ဖြိုးရေးတွင် ဒေါ်လာနှစ်ထရီလီယံတိုးမြှင့်ရန် ဂျီ-၂၀ ခေါင်းဆောင်များ သဘောတူ

**ဘရစ္စဘိန်း နိုဝင်ဘာ ၁၆**

ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲတွင် အနောက်အုပ်စုခေါင်းဆောင်များနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့အကြား တင်းမာမှုများလွှမ်းမိုးနေသည့်တိုင် ဖွံ့ဖြိုးမှုနှေးကွေးနေသည့် ကမ္ဘာ့စီးပွားရေးကို ငါးနှစ်ကျော်အတွင်း ကမ္ဘာ့ဂျီဒီပီ ဒေါ်လာနှစ်ထရီလီယံကျော်တိုးမြှင့်မည့် စီမံကိန်းတစ်ရပ်ကို ဂျီ-၂၀ ခေါင်းဆောင်များက နိုဝင်ဘာ ၁၆ ရက်တွင် အပြီးသတ်ဆွေးနွေး သဘောတူခဲ့ကြသည်။

ဘရစ္စဘိန်းမြို့တွင်ကျင်းပသည့် ချမ်းသာကြွယ်ဝမှုနှင့် ဖွံ့ဖြိုးမှုအားကောင်းသည့်နိုင်ငံ ၂၀ အုပ်စု ထိပ်သီးဆွေးနွေးပွဲ၏ တရားဝင်ထုတ်ပြန်ကြေညာချက်တွင် အဆိုပါ စီမံကိန်းသည် ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံရန်၊ ကုန်သွယ်မှုတိုးမြှင့်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများကို ကူညီပေးနိုင်မည့် စီမံကိန်းများအတွက် ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အအုံများဖန်တီးပေးရန် အစီအစဉ်များ ပါဝင်သည်။

ခေါင်းဆောင်များသည် အလုပ်သမားအင်အားတွင် ကျား၊မ အချိုးကွာဟမှုကို ၂၀၂၅ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းလျှော့ချရန် သဘောတူညီခဲ့ကြပြီး အမျိုးသမီး သန်း ၁၀၀ ကျော် အလုပ်ခန့်အပ်ကာ ဆင်းရဲမွဲတေမှုလျှော့ချနိုင်မည်ဟု ဆိုသည်။ **အေပီ။**

— — — —

# အမေရိကန်ဓားစာခံတစ်ဦးအား အိုင်အက်စ်တို့ထပ်မံသတ်ဖြတ်

**ကိုင်ရို နိုဝင်ဘာ ၁၆**

အီရတ်နှင့်ဆီးရီးယားတွင်ရှိသော အိုင်အက်စ်အဖွဲ့များက အမေရိကန်ဓားစာခံတစ်ဦးအား ထပ်မံခေါင်းဖြတ်သတ်ဖြတ်ခဲ့သည့် ဗီဒီယိုဖိုင်တစ်ခုကို ယနေ့ အင်တာနက်တွင် တင်ခဲ့သည်။

ယင်းဗီဒီယိုဖိုင်တွင် ခေါင်းဖြတ်သတ်သည့်ဟန်ကိုမပြဘဲ၊ သွေးအိုင်ထဲတွင် ဖြတ်ထားသော ခေါင်းပြတ်နှင့်အတူ မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက်ပုံကိုသာ ရိုက်ပြထားသည်။ ထို့ပြင် မျက်နှာဖုံးစွပ်ထားသောလူက 'ဒါဟာ အမေရိကန်နိုင်ငံသား ပီတာအက်ဝက်ဒ်ကာဆင်းဂျ်ဖြစ်တယ်'ဟု အင်္ဂလိပ်အသံဖြင့် ပြောခဲ့သည်။

ရိုက်တာသတင်းဌာနက ၎င်းဗီဒီယိုဖိုင်သည် စစ်မှန်မှုရှိမရှိကိုမူ စစ်ဆေးမှုမပြုရသေးပေ။ ဗီဒီယိုဖိုင်သည် အိုင်အက်စ်တို့အသုံးပြုနေသော တွစ်တာလူမှုကွန်ရက်နှင့် ဘာသာရေးဝက်ဆိုဒ်တစ်ခုတွင် ထွက်ပေါ်လာခဲ့သည်။

အမေရိကန်ပြည်နယ်တစ်ခုဖြစ်သည့် အင်ဒီးယားနားမှ အသက်၂၆နှစ်အရွယ်ရှိ ကာဆင်းဂျ်သည် ဖမ်းဆီးခြင်းခံရစဉ် အစ္စလာမ်ဘာသာဝင်အဖြစ်ကူးပြောင်းပြီး အဘ်ဒူ-ရက်ချ်မန်အမည်တွင်ခဲ့သည်။

၂၀၁၃ခုနှစ်၊ အောက်တိုဘာ ၁ရက်တွင် ကာဆင်းဂျ်အား အိုင်အက်စ်တို့က ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်သွားခဲ့ကြောင်း သူ၏မိဘများက ပြောရေးဆိုခွင့်ရှိသူ တစ်ဦးမှတဆင့်ပြောသည်။

ယခင်စစ်သားတစ်ဦးဖြစ်ခဲ့သူကာဆင်းဂျ်က ဆီးရီးယားရှိ ဒုက္ခသည်များအား ကူညီထောက်ပံ့မှုများပြုလုပ်ရန် ၂၀၁၂ခုနှစ်တွင် အထူးအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ တစ်ဖွဲ့ကိုထူထောင်ခဲ့ပြီး လူသားချင်းစာနာထောက်ထားရေး အလုပ်များကို လုပ်ဆောင်နေခဲ့သည်။

ကာဆင်းဂျ်အားခေါင်းဖြတ်သတ်ခဲ့ခြင်းသည် မှန်ကန်မည်ဆိုပါက အိုင်အက်စ်တို့သတ်ဖြတ်ခဲ့သော လူဦးရေ ၅ဦးမျှရှိပြီဖြစ်သည်။ ယင်းတို့မှာ အင်္ဂလိပ်လူမျိုးကယ်ဆယ်ရေးလုပ်သားနှစ်ဦး၊ အမေရိကန်ဂျာနယ်လစ်နှစ်ဦးနှင့် ကာဆင်းဂျ်တို့ပင်ဖြစ်သည်။ **ရိုက်တာ။**

# အကြမ်းဖက်ဝါဒကို ပူးပေါင်းတိုက်ခိုက်ရန် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်သဘောတူ

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၆**

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် အကြမ်းဖက်ဝါဒအန္တရာယ်ကို လက်တွဲတွန်းလှန်ရန်နှင့် ခိုင်မာသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ရန် သဘောတူခဲ့ကြသည်။

ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်နှင့် အာဖဂန်သမ္မတ အာရှက်ဖ်ဂါနီတို့နှစ်ဦး စနေနေ့တွင်တွေ့ဆုံဆွေးနွေးကြပြီးနောက် အဆိုပါသဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

၎င်းတို့နှစ်ဦးသည် လုံခြုံရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးကဏ္ဍများကို အလေးထားလျက် နှစ်နိုင်ငံဆက်ဆံရေး အလုံးစုံကို သုံးသပ်ခဲ့ကြသည်။

ဆွေးနွေးပွဲပြီးသည့်နောက် ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပရာတွင် နှစ်နိုင်ငံ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ဂုဏ်သိက္ခာအပေါ် အပြန်အလှန်လေးစားမှုကို အခြေခံလျက် ခိုင်မာသည့် ဆက်ဆံရေးကို ထူထောင်ရန် သမိုင်းဝင် အခွင့်အရေးကို အသိအမှတ်ပြုကြကြောင်း ဝန်ကြီးချုပ် နာဝပ်ရှရစ်က ပြောကြားသည်။

အစ္စလာမ္မာဘတ်သည် ကဘူးနှင့် ရင်ဘောင်တန်းရပ်တည်လျက် အာဖဂန်တို့၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံကြောင်း ၎င်းက အလေးအနက် ပြောကြားခဲ့သည်။

အာဖဂန်၏ နိုင်ငံခြားရေးမူဝါဒတွင် ပါကစ္စတန်နှင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံရေးသည် ပဓာနကျကြောင်း သမ္မတ အာရှတ်ဖ်ဂါနီက မှတ်ချက်ပေးသည်။

စနေနေ့တွင် ပါကစ္စတန်ဝန်ကြီးချုပ်၏ နေအိမ်သို့ သမ္မတဂါနီရောက်ရှိလာသောအခါ တရားဝင် အခမ်းအနားဖြင့် လှိုက်လှဲစွာကြိုဆိုခဲ့သည်။

နှစ်နိုင်ငံဘဏ္ဍာရေးဝန်ကြီး နှစ်ဦးက နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **ရိုက်တာ။**

# ဖိလစ်ပိုင်အစိုးရတပ်နှင့် အကြမ်းဖက်များ တိုက်ပွဲဖြစ်

**မနီလာ နိုဝင်ဘာ ၁၆**

ဖိလစ်ပိုင်နိုင်ငံ စူးလူးတွင် အဘူဆေယက်ဖ်အစွန်းရောက်အဖွဲ့နှင့် သောကြာနေ့တွင် တိုက်ပွဲဖြစ်ပွားရာ တပ်ဖွဲ့ဝင် ငါးဦး သေဆုံး၍ ၂၆ ဦး ဒဏ်ရာရကြောင်း စစ်ဘက်က ပြောကြားသည်။

စူးလူးမှ တီလီပါအိုမြို့တွင် အဘူဆေယက်ဖ် အဖွဲ့ဝင် ၃၀၀ ခန့်နှင့် အင်အား ၈၀ ရှိသော အစိုးရတပ်တို့ တိုက်ပွဲဖြစ်ခဲ့ကြောင်း အထူးစစ်ဆင်ရေးတပ်ဖွဲ့တပ်မှူး ဗိုလ်မှူးကြီး အလန်အာရိုဂျာဒိုက ပြောကြားသည်။

အယ်လ်ခိုင်ဒါနှင့် ဆက်ဆံမှုရှိသည့် အဘူဆေယက်ဖ်အဖွဲ့ကို ဘက်စုံစစ်ဆင်ရေးစတင်ချိန်ကတည်းက ယခုကဲ့သို့ မမျှော်လင့်ဘဲ ရင်ဆိုင်တိုက်ပွဲဖြစ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အစ္စလာမ္မစ်အကြမ်းဖက်အုပ်စုမှ အဖွဲ့ဝင် လေးဦးသေဆုံးခဲ့သည်။



ဖိလစ်ပိုင်နိုင်ငံတွင် အစိုးရတပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်နေသည့် မွတ်စလင်အစွန်းရောက် အဘူဆေယက်ဖ်တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

သတင်းများအရ ပြန်ပေးငွေ ပေးအပ်သဖြင့်ဖမ်းဆီးထားသော ဂျာမန်များကို လွန်ခဲ့သည့်လတွင် ပြန်လွှတ်ပေးပြီးနောက် စူးလူးရှိ အဘူဆေယက်ဖ်အဖွဲ့ကို စစ်ဘက်က ဘက်ပေါင်းစုံမှ စစ်ဆင်ရေးဆင်နွှဲလျက်ရှိသည်။

၎င်းအဖွဲ့သည် အနောက်ပိုင်း မင်ဒါနာကို နေရာအနှံ့အပြားတွင် နိုင်ငံခြားသားများနှင့် ပြည်တွင်းဓားစာခံများကို ဖမ်းဆီးချုပ်နှောင်ထားရှိသည်။

**မပြောနိုင်**

အစိုးရတပ်နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသောအကြမ်းဖက်အုပ်စုမှာ အစွန်းရောက်အုပ်စု၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ ရာဒူလန်ရှာဟီရွန်၏ လက်အောက်မှ အုပ်စုဖြစ်ကြောင်း၊ တိုက်ပွဲတွင် ၎င်းပါဝင်မှုရှိ၊မရှိမှာ မပြောနိုင်ကြောင်း တပ်မှူး အာရိုဂျာဒိုက ပြောသည်။

အရေးပါသော ရင်ဆိုင်တိုက်ပွဲဖြစ်ကြောင်း၊ ယခုအခါတိုက်ပွဲပြီးဆုံးသွားသော်လည်း အစွန်းရောက်အကြမ်းဖက်များနောက်သို့ လိုက်လံရှာဖွေလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အထူးစစ်ဆင်ရေးတပ်ဖွဲ့မှဗိုလ်မှူး အဒီလ်ဘာတိုအရမ်ပိုနီက မြေပြင်တပ်ဖွဲ့များကို လေကြောင်းမှ စစ်ကူပေးကြောင်းပြောသည်။ **အေရှားန်ျူးနက်ဝပ်။**

# ဘရာဇီး ပီထရိုဘရာ အဂတိလိုက်စားမှု၌ တာဝန်ရှိသူ ၁၈ ဦးကို ဖမ်းဆီးထား

ဘရာဇီးလီးယား နိုဝင်ဘာ ၁၆

**ဘရာဇီးနိုင်ငံ၌ အစိုးရ၏ စီမံခန့်ခွဲမှုအောက်ရှိ ပီထရိုဘရာရေနံကုမ္ပဏီ၏ အဂတိလိုက်စားမှုကို စုံစမ်းစစ်ဆေးရာတွင် ရဲတပ်ဖွဲ့က တာဝန်ရှိသူ ၁၈ ဦးကို ဖမ်းဆီးထားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ မြို့တော် ဘရာဇီးလီးယားနှင့်အတူ ပြည်နယ်ငါးခုကို စစ်ဆင်ရေးတစ်ရပ်အဖြစ်ဖြင့် ရှာဖွေဖမ်းဆီးရာတွင် ရဲတပ်ဖွဲ့ဝင် ၃၀၀ ကျော်နှင့် အခွန်အရာရှိ ၅၀ တို့ ပါဝင်ခဲ့သည်။**

နာမည်ကြီး ဆောက်လုပ်ရေးကုမ္ပဏီများ အပါအဝင် အထင်ကရ ဘရာဇီးကုမ္ပဏီများကို ၁၁ ကြိမ်တိုင်တိုင် ဝင်ရောက်ရှာဖွေခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပီထရိုဘရာသည် အမေရိကန်အာဏာပိုင်များ၏ စုံစမ်းစစ်ဆေးခြင်းကိုလည်း ခံရလျက်ရှိသည်။ ဘရာဇီးအစိုးရက ရှယ်ယာအများစုပိုင်ဆိုင်သည့် ၎င်းကုမ္ပဏီသည် ကမ္ဘာတွင် အကြီးမားဆုံးရေနံလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ တောင်အမေရိကကို ကျော်လွန်၍ အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများအထိ အကျိုးစီးပွားများ ဖြန့်ကြက်နိုင်ခဲ့သည်။

လွန်ခဲ့သည့် လအနည်းငယ်က ပီထရိုဘရာ အမှုဆောင်အရာရှိဟောင်း ပေါ်လိုရိုဘာတိုကော်စတာသည် ကုမ္ပဏီတွင် အဂတိလိုက်စားမှုများ သို့မဟုတ် အလွဲသုံးစားမှုရှိခဲ့သည်ဟု စွပ်စွဲခဲ့သည်။ ၎င်းက တရားရုံးတွင် အသနားခံလွှာတင်သွင်းခဲ့ရာ အပေးအယူအဖြစ် ရဲတပ်ဖွဲ့သို့ သက်သေအထောက်အထားများ ပေးအပ်ခဲ့သည်။

မတ်လတွင် ဖမ်းဆီးခြင်းခံခဲ့ရသည့် ကော်စတာက လှည့်လည်ရင်းနှီးငွေများကို ကိုင်တွယ်ရသော ကုမ္ပဏီ၏ ရေနံသန့်စင်ရေးဌာနခွဲသည် အာဏာရ အလုပ်သမားပါတီ အပါအဝင် နိုင်ငံရေးပါတီများထံသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်ဟု စွပ်စွဲခဲ့ခြင်းဖြစ်သည်။

ကားရေဆေးခြင်းဟု အမည်ပေးထားသည့် စစ်ဆင်ရေး၌ ပါရာနား၊ ဆွာပေါ်လို၊ ရီယိုဒီဂျနေရိုး၊မီနတ်စ်ဂဲရာအမ်၊ ပါမန်ဘူကိုနှင့် မြို့တော် ဘရာဇီးလီးယားတို့တွင် ဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့သည်။

ဘရာဇီးနိုင်ငံ၏ အကြီးမားဆုံးစုံစမ်းစစ်ဆေးမှုတွင် အဓိကကျသူပုဂ္ဂိုလ် ၃၆ ဦး ပိုင်ဆိုင်သော ဒေါ်လာ ၁၇၂သန်းတန်ဖိုးရှိ ပိုင်ဆိုင်ပစ္စည်းများကို သယ်ယူလွှဲပြောင်းခြင်း မပြုရန် ရဲတပ်ဖွဲ့က တားမြစ်ထားသည်။

ပီထရိုဘရာ၏ အခြားဒါရိုက်တာဟောင်း တစ်ဦးကိုလည်း ထိန်းသိမ်းထားသည်ဟု ဆိုသည်။ **ဘီဘီစီ။**




ပီထရိုဘရာ၏ အမှုဆောင်ဒါရိုက်တာဟောင်းတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးနေစဉ်။

# LAFARGE STAR Cement ကုန်ပစ္စည်းမိတ်ဆက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

LAFARGE STAR Cement ကုန်ပစ္စည်းမိတ်ဆက်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ် မြက်ခင်းပြင်၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်တို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက LAFARGE Cement ကုန်ပစ္စည်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ပြည်ပထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေ၌ နိုဝင်ဘာ ၁၄ မှ ၂၃ ရက်အထိ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ ကြည့်ရှုအားပေးရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါ ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး ခေါင်းဆောင်၍ ပီတန်း၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သုံးမျိုးစုံအားကစားနည်းများတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် မန္တလေးမြို့ ဆဋ္ဌမအကြိမ်မြောက် မြန်မာ့အလုပ်အကိုင်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသော ပြခန်းများအား ကြည့်ရှုစဉ်။

# ဆဋ္ဌမအကြိမ်မြောက် မြန်မာ့အလုပ်အကိုင်ပြပွဲဖွင့်

**မန္တလေး နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ဆဋ္ဌမအကြိမ်မြောက် မြန်မာ့အလုပ်အကိုင်ပြပွဲဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်တွင် မန္တလေးမြို့ ရတနာပုံဈေး ဒိုင်းမွန်းပလာဇာ၌ ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သားအင်အားကို စနစ်တကျနှင့်အကျိုးရှိစွာ အသုံးချနိုင်ရန် အမှန်တကယ် အလုပ်လိုအပ်သူများကို ကောင်းမွန်သင့်တော်သည့် လုပ်ငန်းခွင်များတွင် နေရာချထားပေးနိုင်ရန်၊ စည်းကမ်းကောင်းမွန်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းရန် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ အရည်အချင်းရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးများတွင် အဓိကထားဆောင်ရွက်ရမည့် ကိစ္စများပင်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများတွင် အလုပ်လိုချင်သူများနှင့် အလုပ်သမား လိုအပ်နေသူများကို တစ်ချိန်တည်း၊ တစ်နေရာတည်းမှာ ပေါင်းစပ်ပေးလိုက်ခြင်းအားဖြင့် အလုပ်သမားများအနေဖြင့် မိမိတို့လိုအပ်သည့် အလုပ်ကို ရွေးချယ်နိုင်မည့်အပြင် အလုပ်ရှင်များအနေဖြင့်လည်း မိမိတို့လိုချင်သည့်အလုပ်သမားများကို တစ်နေရာတည်းမှာ ရရှိနိုင်မည်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်သည် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ပြပွဲမှာ နိုဝင်ဘာ ၁၆ ရက်အထိဖြစ်ပြီး ပြည်တွင်းပြည်ပကုမ္ပဏီ ၂၀ ခုမှ ပြခန်းပေါင်း ၄၀ ပြထားပြီး ယနေ့အထိ ၁၁၅၅ ဦး အလုပ်လာရောက်လျှောက်ထားကြောင်း သိရသည်။ **(ကြေးမုံ)**

# စာပေဖြန့်ချိရေးနှင့် အငှားဆိုင်လုပ်ငန်းများ ထက်ဝက်ခန့် ကျဆင်း

**မကွေး နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့အတွင်း အမာခံစာဖတ်ပရိသတ်များဖြစ်သည့် ကျောင်းသားကျောင်းသူများနှင့် လူငယ်များအကြား အပျော်ဖတ်နှင့် ရသစာပေများအပေါ်တွင် စိတ်ဝင်စားမှုလျော့ပါးလာမှုကြောင့် စာပေဖြန့်ချိရေးနှင့် အငှားဆိုင်လုပ်ငန်းများ အရောင်းအငှား ထက်ဝက်ခန့်ကျဆင်းသွားကြောင်း သိရသည်။

စာအုပ်အငှားဆိုင်များအနေဖြင့် လွန်ခဲ့သည့် နှစ်နှစ်ခန့်က အခြေအနေနှင့် နှိုင်းယှဉ်ကြည့်လျှင် ငှားအား ထက်ဝက်ခန့်ကျဆင်းသွားခဲ့ပြီး မကွေးမြို့ရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းသားအများစုကို မှီခိုအားပြုနေရသည့် အခြေအနေ၌ ကျောင်းသားအင်အားစု၏ ထက်ဝက်ခန့်မှာ စာအုပ်စာပေအပေါ် စိတ်ဝင်စားမှုသိသိသာသာ လျော့နည်းသွားကြောင်း၊ အင်တာနက်ဂိမ်းများ၊ လူမှုကွန်ရက်စာမျက်နှာများ၊ Chatting ထိုင်ခြင်းနှင့် You Tube အပေါ် စွဲလမ်းမှုများ၊ Mobile နှင့် Wifi ခေတ်ဆန်းကာလများ သတင်းသိလိုမှု နယ်ပယ်ကျယ်ပြန့်လာခြင်းများကြောင့်ဟု ထင်မြင်ကြောင်း K Two စာပေစာအုပ်အငှားဆိုင်လုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်သူ ကိုနေလင်းက ပြောသည်။

“အစိုးရက ဘတ်ဂျက်ချပေးတဲ့ စာကြည့်တိုက်တွေအတွက် ကျွန်တော့်ဆိုင်ကို လာဝယ်ကြတာတွေရှိပါတယ်။ အငှားဆိုင်တွေရဲ့ ဝယ်လိုအားကတော့ သိသိသာသာကျသွားပါတယ်။ ရောင်းအား ဘယ်လိုပဲဖြစ်ဖြစ် ဖြန့်ချိရေးဆိုင်တစ်ဆိုင်အနေနဲ့ သုတ၊ ရသ စုံအောင်တော့ တင်ပါတယ်။ လစဉ်ထုတ်မဂ္ဂဇင်းလိုင်းတချို့နဲ့ ဝတ္ထုလိုင်းကတော့ ရောင်းအားကျသွားတယ်။ မြို့ပေါ်မှာ ရပ်တည်လို့ရတဲ့ အငှားဆိုင်တွေကတော့ K Two နဲ့ ဝမ်းစတားတို့လောက်ပဲကျန်တယ်။ သူတို့ရပ်တည်လို့ရတာကလည်း အိမ်နဲ့ဆိုင်ကိုယ်ပိုင်ရှိနေတာကြောင့်ပါ။ ဆိုင်ခန်းငှားလုပ်တဲ့သူတွေကတော့ ရေရှည်အဆင်မပြေနိုင်ဘူး”ဟု ရွှေပြည်စိုးစာပေဖြန့်ချိရေးပိုင်ရှင် ကိုတိုးက ပြောသည်။

စာပေဖြန့်ချိရေးလုပ်ငန်းရှင်များအနေဖြင့် အမာခံစာအုပ်အငှားဆိုင်လေးများ ရပ်တည်နိုင်ရေးအတွက် အကြွေးစနစ်၊ အရစ်ကျစနစ်၊ ငှားပြီးငွေပေါ်ပေးစနစ်များဖြင့် ကျားကန်ပေးထားနေရမှုများရှိနေဆဲအချိန်၌ ဂျာနယ်ဖြန့်ချိရေးလုပ်ငန်းကို စာပေအသက်ကူလုပ်ငန်းတစ်ခုအဖြစ် လုပ်ဆောင်နေရကြောင်း၊ စာဖတ်ခြင်း၏ အရသာကို ခံစားတတ်သူများလာမှသာ မိမိတို့ဘဝရပ်တည်ရေးအဆင်ပြေမည်ဖြစ်ကြောင်း စာပေဖြန့်ချိရေးနှင့် အငှားဆိုင်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။ **ဇေယျာတု(မကွေး)**








# တက်ကြွအားမာန် အာဆီယံနှင့် ရှင်သန်ရှေ့ဆက် မြန်မာတို့၏မျှော်လင့်ချက်

ဝေယံမောင်

တစ်ထောင့်ကိုးရာခြောက်ဆယ့်ခုနစ်
သြဂုတ်လရှစ်ရက်အမှန်။
ပြည်ထောင်တစ်လွှား
ညီနောင်များရဲ့
နိုးကြားအားမာန်။
ဆက်လက်ရှင်သန်
အာဆီယံအလှ။
အရှေ့တောင်အာရှအတွင်းဝယ်
ယနေ့အခါ ကမ္ဘာ့အတွင်းဝယ်
လင်းလက်တက်ကြွ။

**(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး**

**မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူ၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၁၃ ရက်နေ့အထိ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများကို အိမ်ရှင်အဖြစ် နိုင်ငံ၏မြို့တော် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၁)၌ ကြီးကျယ်ခမ်းနားအောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းရွက်မည့် မလေးရှားနိုင်ငံသို့ တာဝန်လွှဲပြောင်းပေးနိုင်ခဲ့ပြီဖြစ်ပါသည်။**

ကျင်းပခဲ့သည့် အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အရှေ့အာရှ ထိပ်သီးအဖွဲ့ဝင်နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ခဲ့ကြပါသည်။ ယင်းတို့အနက် အာဆီယံထိပ်သီးညီလာခံသို့ ပထမဆုံးအကြိမ် တက်ရောက်လာကြသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုသ် ချန်-အိုချာတို့ကို ကျန်အာဆီယံခေါင်းဆောင်များမှ လှိုက်လှဲခင်မင်ရင်းနှီးစွာ ကြိုဆိုခဲ့ကြသည်။

အာဆီယံအနေဖြင့် ယခုနှစ်၏ဆောင်ပုဒ်ဖြစ်သော **“ရှေ့သို့တူညီတက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ”** ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြင့် ဒေသအတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ အလားတူ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းတည်းဟူသော အာဆီယံအသိုင်းအဝိုင်း(၃)ရပ်တို့၏လမ်းပြမြေပုံများကို အကောင်အထည်ဖော်နေမှု၏ ၈၀ ရာခိုင်နှုန်းမျှ ပြီးစီးခဲ့ပြီး ကျန်ကိစ္စရပ်များကိုလည်း စိန်ခေါ်မှုမည်မျှပင်ကြီးမားနေသည်ဆိုစေကာမူ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ထားကြပါသည်။

**တက်ကြွအားမာန် အာဆီယံ**

**အာဆီယံ၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့က ဒေသတွင်း အသိုက်အဝန်းအတွင်း၌သာမကဘဲ နိုင်ငံတကာအသိုက်အဝန်းကပင် အလေးထားရသည့် ခိုင်မာသောအဖွဲ့အစည်းကြီးအဖြစ် ရှုမြင်လာခဲ့ကြသည်။**

**ထို့ကြောင့်လည်း ကမ္ဘာ့အင်အားကြီးနိုင်ငံများအပါအဝင် နိုင်ငံတကာက အာဆီယံနှင့်ပိုမိုထိတွေ့ဆက်ဆံလာကြခြင်းဖြစ်ပါသည်။ ယင်းသို့ အာဆီယံ၏ အချက်အချာကျမှုနှင့် နိုင်ငံတကာ၏ အလေးထားမှုများကို ဆက်လက်ထိန်းသိမ်းထားရန်လိုအပ်မည်ဖြစ်လေရာ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းပေါ်ထွန်းလာရေးအတွက် အလေးထားဆောင်ရွက်ရမည့်အချက်များ ရှိနေကြောင်း အိမ်ရှင်မြန်မာနိုင်ငံက မီးမောင်းထိုးပြနိုင်ခဲ့ပါသည်။ ယင်းတို့မှာ-**

(၁) အာဆီယံစံနှုန်းများနှင့်အညီ ချမှတ်ပြီးဖြစ်သောစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရေးနှင့် ပိုမိုကျယ်ပြန့်စွာ မြှင့်တင်သွားနိုင်ရေး၊

(၂) အာဆီယံနှင့် မိတ်ဖက်တို့အကြားတည်ရှိပြီး ဆက်သွယ်မှုယန္တရားသာမက ဒေသအတွင်း ဗိသုကာတည်ဆောက်မှုများတွင် အချက်အချာကျကျ ပါဝင်နိုင်ရန်အတွက် မဟာဗျူဟာတစ်ရပ်ထားရှိရေး၊

(၃) စီးပွားရေးပေါင်းစည်းမှုမြှင့်တင်ကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးနည်းလမ်းကို လျှောက်လှမ်းရင်း ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ခြင်းနှင့် အများပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခြင်းအားဖြင့် ဆင်းရဲမှုနှင့် ဖွံ့ဖြိုးမှုကွာဟချက် လျှော့ချပေးရေး၊

(၄) ဒေသတွင်းနှင့် ဒေသပြင်ပနိုင်ငံများ၏ ပေါင်းစည်းမှုများကို ပိုမိုကြုံတွေ့ရချိန်တွင် အာဆီယံ၏ကြံ့ခိုင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို ဆက်လက်မြှင့်တင်ရေး၊

(၅) အာဆီယံအဖွဲ့စည်းပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး၊ လုပ်ငန်းစဉ်များ အချိတ်အဆက်မိမိရှိစေရေး၊ အဆုံးအဖြတ်ပြုမှုများ ထိရောက်စေရေး၊ လုပ်ငန်းများကိုစနစ်တကျကြပ်မတ်မှု၊ အစီရင်ခံမှု၊ အကောင်အထည်ဖော်မှုတို့ကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး တို့ပင်ဖြစ်ပါသည်။

**၁၉၆၇ ခုနှစ်မှ စတင်ခဲ့သည့် အာဆီယံအသင်းကြီးသည် ယခုအခါ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ရင့်ကျက်တိုးတက်ဖြစ်ထွန်းမှု အထူးသဖြင့် ၁၉၉၉ ခုနှစ်တွင် အရှေ့တောင်အာရှ (၁၀)နိုင်ငံလုံး အဖွဲ့ဝင်ဖြစ်လာပြီး နောက်ပိုင်းကာလများ၌ ပိုမိုတိုးတက်မှုများ လျင်မြန်စွာဖြစ်ထွန်းလာခဲ့ပါသည်။**

တစ်နည်းအားဖြင့်ဆိုရသော် အာဆီယံကို ပူးပေါင်းဆောင်ရွက်မှု (Cooperation) ပြုသည့် အဖွဲ့အစည်းအဆင့်မှ ပေါင်းစည်းမှု (Integration) ရှိသည့် အသိုက်အဝန်းတစ်ရပ်အဖြစ် ထူထောင်ရင်း အာဆီယံမျှော်မှန်းချက် ၂၀၂၀ ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စွမ်းရှိလာမည်ဟု ယုံကြည်မျှော်လင့်လျက်ရှိပါသည်။

ယင်းမျှော်မှန်းချက်မှာ အာဆီယံသည် ၂၀၂၀ ခုနှစ်သို့ ရောက်ရှိသည့်အခါ **“အမြင်ကျယ်မှုရှိပြီး တွန်းအားရှိသော စီးပွားရေးတိုးတက်မှုရရှိလျက် ကရုဏာတရား ပြည့်ဝသည့်ဝန်းကျင်တွင် ငြိမ်းချမ်းတည်ငြိမ်ချမ်းသာကြွယ်ဝစွာ အတူတကွ မိတ်ဖက်ပူးပေါင်းနေထိုင်ကြသည့် စုစည်းမှုရှိ၍ တက်ညီလက်ညီရှိသည့် အာဆီယံအသိုက်အဝန်း”** ဖြစ်ပေါ်လာရေးပင် ဖြစ်ပါသည်။

**(၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး**

(၉) ကြိမ်မြောက်အရှေ့အာရှထိပ်သီးအစည်းအဝေးကို အရှေ့အာရှထိပ်သီးအစည်းအဝေး အဖွဲ့ဝင် (၁၈)နိုင်ငံမှ ခေါင်းဆောင်များအပြင် အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်နေသည့် အိမ်ရှင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားခဲ့သည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့ပါဝင်လျက် နိုဝင်ဘာလ ၁၃ ရက်တွင် ဆက်လက်ကျင်းပခဲ့ပါသည်။

ယင်းထိပ်သီးအစည်းအဝေးသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ပထမအကြိမ် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က အာရှ-ပစိဖိတ်ဒေသအပေါ်တွင် အကျိုးသက်ရောက်မှုရှိနိုင်မည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာရေးရာများကို ဆွေးနွေးရန်အတွက်သာ ဖြစ်ပါသည်။

> “အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ အိမ်ရှင်အဖြစ် နောက်ဆုံးလက်ခံကျင်းပပေးခဲ့သည့် အာဆီယံဒေသတွင်းနှင့် ကမ္ဘာ့ခေါင်းဆောင်များ၏ နေပြည်တော် ထိပ်သီးဆွေးနွေးမှုများနှင့် နေပြည်တော်ထုတ်ပြန်ချက်များကို ဆန္ဒတွေ၊ မျှော်လင့်ချက်တွေအပြည့်နှင့် အားလုံးက မျှော်လင့်စောင့်စားလျက် ရှိနေကြသည်မှာ အမှန်ပင်ဖြစ်”

**မူလက အာဆီယံ (၁၀)နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယတို့ဖြင့် စတင်ခဲ့ရာမှ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင်ကျင်းပခဲ့သည့် (၆)ကြိမ်မြောက်တွင်မှ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ ထပ်မံပါဝင်လာခဲ့ရာ အဖွဲ့ဝင် (၁၈) နိုင်ငံ ဖြစ်လာခဲ့ပါသည်။ အဆိုပါအစည်းအဝေးများကို အာဆီယံနိုင်ငံခေါင်းဆောင်များ၏ တစ်နှစ်အတွင်း ဒုတိယအကြိမ်ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးအပြီးတွင် ကျင်းပလေ့ရှိသော အစဉ်အလာများနှင့်အညီ ယခုနှစ်တွင်လည်း ကျင်းပခဲ့ခြင်းပင်ဖြစ်ပါသည်။**

**ယခု (၉) ကြိမ်မြောက်အစည်းအဝေးတွင် အရှေ့အာရှထိပ်သီးအစည်းအဝေးလုပ်ငန်းစဉ်အပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေး ပိုမိုခိုင်မာရေးတို့အတွက် အနာဂတ်တွင် လုပ်ဆောင်သွားမည့်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ကူးစက်ပြန့်ပွားတတ်သော ရောဂါများ စသည့်ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြပါသည်။**

**ထို့အပြင် ဒေသငြိမ်းချမ်းတည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အိမ်ရှင်မြန်မာနိုင်ငံက အထူးဧည့်သည်အဖြစ် ဖိတ်ကြားထားသည့်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့နှင့် အာရှထိပ်သီးအစည်းအဝေး အဖွဲ့ဝင်နိုင်ငံများအကြား အတူတကွ ဆွေးနွေးညှိနှိုင်းပြီး အမြင်ချင်းဖလှယ်နိုင်ခဲ့ခြင်းမှာလည်း ဒေသတွင်းအမြင်ကို ကမ္ဘာလုံးဆိုင်ရာအတွေ့အကြုံဖြင့်ပေါင်းစပ်၍ လက်တွေ့ကျကျ လုပ်ဆောင်နိုင်သည့် နည်းလမ်းများဖြစ်ပေါ်စေရေးကို ထိရောက်သော အထောက်အကူဖြစ်စေမည်သာဖြစ်ပါသည်။**

**အိမ်ရှင်မြန်မာပြည်သူတို့၏မျှော်လင့်ချက်များ**

အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ ကျင်းပမည်ဖြစ်၍ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် နိုင်ငံသားတို့၏ ဧည့်ဝတ်ကျေပွန်ပျူငှာမှုကိုသာမက ဒီမိုကရေစီလမ်းကြောင်းသို့ စတင်လျှောက်လှမ်းနေချိန်တွင် ပြုပြင်ပြောင်းလဲမှုအရပ်ရပ်ကြောင့် ကဏ္ဍစုံ၌ တိုးတက်ဖြစ်ထွန်းစပြုနေပြီဖြစ်သည့် နိုင်ငံ့ပုံရိပ်ကိုလည်း နိုင်ငံတကာသို့ ပြသခွင့်ရရှိနိုင်မည်ဟူသော အတွေးနှင့်အတူ မိမိနိုင်ငံဘက်တွင်လည်း အကျိုးဖြစ်ထွန်း၊ တစ်ဖက်နိုင်ငံများတွင်လည်း အကျိုးရှိစေသည့် Win-Win အခြေအနေကောင်းများကို ဖန်တီးနိုင်ရေးအတွက် နိုင်ငံတကာကို ကမ်းလှမ်းဖိတ်ခေါ်ရန် အခွင့်အရေးများစွာ ရရှိခဲ့သည်ဟုပင် ဆိုရမည်ဖြစ်ပါသည်။

**အမေရိကန်သမ္မတ အိုဘားမားအပါအဝင် ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များပါ တက်ရောက်ဆွေးနွေးမည်ဖြစ်သောကြောင့် ဒေသတွင်းအမြင်သာမကဘဲ ပြင်ပကမ္ဘာမှ အာဆီယံအပေါ်အမြင်၊ အိမ်ရှင်မြန်မာအပေါ် သဘောထားများကိုပါ ရရှိစေနိုင်မည်ဖြစ်ရာ အိမ်ရှင်မြန်မာအတွက် အကျိုးကျေးဇူးဖြစ်ထွန်းမှု ပိုမိုရရှိနိုင်သည်ဟူသော သုံးသပ်မှုများလည်း ရှိနေကြပါသည်။**

အာဆီယံဒေသတွင်းနှင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း ဆက်ဆံရာတွင် အစိုးရချင်းဆက်ဆံမှုများအပြင် ပြည်သူများနှင့်ပါ ဆက်ဆံရေးကောင်းမွန်အောင် ပြုလုပ်ပေးနိုင်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ ပြည်သူများ၏အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှုကိုလျှော့ချနိုင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် လိုအပ်နေသောကဏ္ဍစုံအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းကောင်းများရရှိရေး အပါအဝင် အိမ်ရှင်အဖြစ် အကျိုးရှိစွာအသုံးချနိုင်မည့်အခွင့်အလမ်းကောင်းများကို မည်သို့မည်ပုံ အသုံးချနိုင်မည်ကို နိုင်ငံတွင်းရှိအဖွဲ့အစည်းအသီးသီးနှင့် ပြည်သူတစ်ရပ်လုံးသာမက မြန်မာနိုင်ငံနှင့်လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်၊ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်သည့်၊ ပူးပေါင်းဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်နေဆဲဖြစ်သည့် ပြည်ပနိုင်ငံများအတွက်ပါ အထူးစိတ်ဝင်တစားစောင့်ကြည့်နေခဲ့ကြပါသည်။

ထို့ကြောင့်လည်း အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ အိမ်ရှင်အဖြစ် နောက်ဆုံးလက်ခံကျင်းပပေးခဲ့သည့် အာဆီယံဒေသတွင်းနှင့် ကမ္ဘာ့ခေါင်းဆောင်များ၏ နေပြည်တော်ထိပ်သီးဆွေးနွေးမှုများနှင့် နေပြည်တော်ထုတ်ပြန်ချက်များကို ဆန္ဒတွေ၊ မျှော်လင့်ချက်တွေအပြည့်နှင့် အားလုံးက မျှော်လင့်စောင့်စားလျက်ရှိနေကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။

**ပြည်သူတို့၏မျှော်လင့်ချက် အစိုးရကဖော်ဆောင်ရွက်**

ယနေ့ခေတ်အစိုးရသည် ပြည်သူ၏ရွေးချယ်မှုဖြင့် ပေါ်ပေါက်လာခြင်းဖြစ်၏။ အစိုးရ၏မူဝါဒသည် **ပြည်သူဗဟိုပြု**ဖြစ်ပြီး ပြည်သူ့ဆန္ဒသည် အစိုးရ၏ ရည်မှန်းချက်ဖြစ်သလို ပြည်သူ့လိုအင်သည် အစိုးရ၏ဆန္ဒပင်ဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အစိုးရအနေဖြင့် ယခုလို အခွင့်အခါကြုံလာမှုကို လက်လွတ်မခံဘဲ မိဘပြည်သူတို့၏ အကျိုးစီးပွားအတွက် တတ်နိုင်သမျှ ဖြည့်စွမ်းပေးနိုင်ရေးကို အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည့် အစည်းအဝေးများ၏ သတင်းထုတ်ပြန်ချက်များက သက်သေပြဆိုနေပါသည်။ ယင်းတို့အနက် အချို့သောအချက်အလက်များကို ကောက်နုတ် ဖော်ပြလိုပါသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာလီခချန်းသည် နိုဝင်ဘာလ ၁၂ ရက်မှ ၁၃ ရက်အထိ အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး နိုဝင်ဘာလ ၁၄ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေး ခရီးလာရောက်ခဲ့ပါသည်။**

ခရီးစဉ်အတွင်း မြန်မာ- တရုတ် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြရာ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တိုးတက်မှုများရရှိနေခြင်းအပေါ် ချီးကျူးဂုဏ်ပြုကာ မြန်မာနိုင်ငံ၏ ဆောင်ရွက်နေဆဲဖြစ်သည့် ငြိမ်းချမ်းလုပ်ငန်းစဉ်များနှင့် နိုင်ငံတည်ငြိမ်ရေး လုပ်ဆောင်နေမှုများကို ထောက်ခံခဲ့ပါသည်။ ထို့အပြင် နှစ်နိုင်ငံကြား နီးကပ်သောအဆင့်မြင့် ဖလှယ်မှုများကို ဆက်လက်ထိန်းသိမ်းသွားရန်နှင့် မဟာဗျူဟာမြောက် ဆက်သွယ်မှုများကို ပိုမိုတိုးမြှင့်သွားရန် သဘောတူညီခဲ့ကြပါသည်။

**ထို့အပြင် ဒေသတွင်းလုံခြုံရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်စွမ်းအား၊ နယ်စပ်ကုန်သွယ်ရေး၊ ပညာတော်သင်များ စေလွှတ်ရေး၊ ငွေကြေးဆိုင်ရာစသည့် ကဏ္ဍများအပြင် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်နိုင်ရေးတို့ကိုပါ သဘောတူညီခဲ့ကြပါသည်။ တရုတ်နိုင်ငံက အဆိုပြုထားသည့် စီးပွားရေးဆိုင်ရာ ပိုးလမ်းမကြီးနှင့် (၂၁)ရာစု ရေကြောင်းပိုးလမ်းမကြီးများ တည်ထောင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဦးဆောင်ဦးရွက်ပြု ဆွေးနွေးခဲ့မှုများကိုလည်း ကြိုဆိုခဲ့ပါသည်။**

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်သမ္မတ မစ္စတာဘားရက်အိုဘားမားတို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင်လည်း နိုင်ငံတော်သမ္မတက အမေရိကန်သမ္မတ၏ မြန်မာနိုင်ငံသို့ နှစ်ကြိမ်မြောက် လာရောက်သည့် ခရီးစဉ်သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် ထောက်ခံသည့်အနေဖြင့် လာရောက်ခြင်းဖြစ်သဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ရာ အမေရိကန်သမ္မတမှ နှစ်နိုင်ငံဆက်ဆံရေးအကြား ဆက်ဆံရေး ဆက်လက်တိုးတက်နေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့မှုများအရ ဒီမိုကရေစီအစိုးရလက်ထက်တွင် ပြန်လည်အစပြုရှင်သန်လာခဲ့သည့် မြန်မာနှင့် အမေရိကန်နိုင်ငံတို့အကြား

စာမျက်နှာ ၁၀ သို့ »»

# ပြည်သူ့အသံ ပြည်သူ့အကြံ

## ခင်မောင်ထွေး

မူလက ဥက္ကလာပ၊ ထိုမှတိဂုံ၊ တစ်ဖန် ဒဂုံကျေးဟူသည့် နာမဖြင့်တည်ရှိခဲ့သော မြို့ငယ်ကလေး။ ခရစ်နှစ် ၁၇၅၅ ခုနှစ် မေလတွင်မူ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ရန်အပေါင်းအကုန် အစင်အောင်မြင်သော အထိမ်းအမှတ်အဖြစ် "ရန်ကုန်"ဟု မြို့သစ်သမုတ်ခဲ့သည့် မြို့ရန်ကုန်သည် ယခုဆိုမူ နှစ်ပေါင်း (၂၅၉) နှစ်တိုင်ခဲ့ချေပြီ။

သို့ကလို သမိုင်းရေစီးအတွင်း နစ်ချည်တစ်လှည့် ပေါ်ချည်တစ်လှည့်ဖြင့် ခေတ်အဆက်ဆက်ကို ဖြတ်သန်းစီးမျောရင်း သမိုင်း၏ပြယုဂ် မြို့ပြရှေးဟောင်းအမွေအနှစ်များလည်း ပေါ်ကြွယ်ဝလာခဲ့၏။

သမိုင်းကြောင်းတစ်လျှောက် မတူကွဲပြားခြားနားမှုများအကြား သည်းခံလက်တွဲနေထိုင်ခဲ့မှုပြယုဂ်အဖြစ် ရန်ကုန်မြို့လယ်တွင် ဘာသာရေးဆိုင်ရာအဆောက်အအုံများလည်း အမျိုးပေါင်းစုံလင်လှသည်။ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Yangon Heritage Trust-YHT)၏ မှတ်တမ်းများအရ ရန်ကုန်မြို့လယ်ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံအမျိုးပေါင်းစုံလင်မှုမှာ အိပ်စက်ခြင်းကင်းသည့်မြို့ဟု တင်စားလေ့ရှိသည့် နယူးယောက်မြို့နှင့် လန်ဒန်မြို့ကြီးတို့ထက်ပင် သာလွန်ကြောင်းသိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စာရင်းအရ ရန်ကုန်မြို့တွင် မြို့ပြအမွေအနှစ်အဆောက်အအုံ ၁၈၉ လုံးရှိပြီး ပုဂ္ဂလိကပိုင်များကိုပါထည့်သွင်းလျှင် ထောင်ချီရှိမည်ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Yangon Heritage Trust-YHT)က ဆိုသည်။ ပစ္စုပ္ပန်တွင် YHT သည် ရန်ကုန်မြို့ပြအမွေအနှစ် အဆောက်အအုံများအား စာရင်းကောက်ယူ၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြင့် အတိတ်သမိုင်းကြောင်းအရ ဖြစ်တည်ပေါ်ပေါက်ခဲ့သော ရန်ကုန်မြို့ရှိ သမိုင်းဝင် မြို့ပြအမွေအနှစ်အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အစဉ်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်၍ ယခုအပတ်ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ဖော်ပြပါအကြောင်းအရာနှင့်စပ်လျဉ်း၍ ပြည်သူအချို့၏ ပြည်သူ့အသံ ပြည်သူ့အကြံပြုချက်များကို ကောက်နုတ်ရွေးချယ်တင်ပြလိုက်ရပါသည်။

**ဦးခိုင်မောင်ရည်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

မြန်မာနိုင်ငံအနေနဲ့တော့ ဒီ ထိန်းသိမ်းသင့်တဲ့ ရှေးဟောင်းအမွေအနှစ်လို့ ပြောလို့ရတဲ့နေရာတွေလည်း အများကြီးရှိပါတယ်။ အချို့နေရာဆိုရင်တော့ အထင်ကရနေရာများအဖြစ် အမှတ်တရထားသင့်တဲ့နေရာတွေလည်း အများကြီးရှိပါတယ်။ နောက်တစ်ခုကတော့ သမိုင်းအစဉ်အလာအရ ထိန်းသိမ်းရမယ့် အဆောက်အအုံနဲ့ အချို့အထိမ်းအမှတ်နေရာတွေ အများကြီးကျန်ရစ်ပါတယ်။ ဒါတွေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်။

ဒါပေမယ့် အချို့ဝေဖန်မှုတွေက ကိုလိုနီရဲ့ အမွေအနှစ်တွေကို ကျွန်တော်တို့က တခမ်းတနားနဲ့ပြဖို့ မလိုအပ်ဘူးဆိုတဲ့ ဝေဖန်မှုတွေလည်း ကြားရပါတယ်။ ဘာကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်တို့နိုင်ငံမှာဖြတ်သန်းလာတဲ့ ခေတ်စနစ်အရ ကျန်ရစ်ခဲ့တဲ့ သမိုင်းပြယုဂ်တွေအဖြစ် ကျွန်တော်တို့က ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပါတယ်။ အဲဒီလို ထိန်းသိမ်းစောင့်ရှောက်ရာမှာ အမျိုးသားရေးအနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ရမယ့် ကဏ္ဍတွေလည်း ရှိပါတယ်။ နောက် ယဉ်ကျေးမှုအနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ရမယ့် ကဏ္ဍတွေလည်းရှိပါတယ်။

သမိုင်းဆိုတာ ဆိုးမွေကောင်းမွေကို ခံစားရမှာဖြစ်တဲ့အတွက် ရှေးက သမိုင်းဆိုင်ရာ အဆောက်အအုံတွေနဲ့ ပြယုဂ်တွေကို ကျွန်တော်တို့ ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ အဓိကကတော့ အစိုးရအပိုင်းဖြစ်ပါတယ်။ အဲ့ဒီ နောက်ပိုင်းမှာပါဝင်ကူညီရမှာကတော့ နိုင်ငံသားတွေဖြစ်ပါတယ်။ အချို့နေရာတွေမှာ နိုင်ငံသားတွေရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းဆိုင်ရာ အသိအားနည်းမှုကြောင့် ဖျက်ဆီးပစ်လိုက်မိတာတွေ၊ အမှတ်မထင် ပျက်စီးအောင် ပြုလိုက်မိတာတွေလည်း အများကြီးရှိပါတယ်။ ဒါပေမယ့် အခုလက်ရှိအခြေအနေမှာပဲရှိနေတဲ့ အနေအထားတွေကို ကျွန်တော်တို့ မပျောက်ပျက်အောင် ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ လက်ရှိအချိန်မှာ မြင်နေရတဲ့ သမိုင်းအဆောက်အအုံတွေအပြင် သာသနိက အဆောက်အအုံဖြစ်တဲ့ ရွှေတိဂုံဘုရားကြီးကိုလည်း မျက်ဝါးထင်ထင်မြင်နေရပါတယ်။ ဒါ့အပြင် အခြားခုနှစ် သက္ကရာဇ်တွေပါတဲ့ အဆောက်အအုံတွေ ကျွန်တော်တို့နိုင်ငံမှာ တော်တော်များများရှိခဲ့ပါတယ်။ ဥပမာ-မန္တလေးမြို့ရိုးကြီးနဲ့ ကျုံးတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်သလို ရှေးခေတ်အဆက်ဆက်ရှိခဲ့တဲ့နေရာတွေကိုလည်း တကယ်ထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်ပါပြီ။

ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ အချို့နေရာမှာ လှူဒါန်းမှုတွေရှိသလို ဒီလို ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာလည်း သီးခြားခေါင်းစဉ်နဲ့ လှူဒါန်းသင့်တယ်လို့လည်း ကျွန်တော်မြင်ပါတယ်။

**ဦးဘုန်းတင်**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ဆည်မြောင်းဦးစီးဌာန**

ဆည်မြောင်းတာတမံတစ်ခု ကျွန်တော်တို့ တည်ဆောက်ပြီးရင် ထိန်းသိမ်းရေးက နောက်ကလိုက်ရပါတယ်။ တည်ဆောက်ရေးနဲ့ ထိန်းသိမ်းရေးလုပ်ငန်းစဉ်နှစ်ရပ်ရဲ့ ကုန်ကျစရိတ်ကလည်း အတူတူလောက်ပဲရှိတယ်။ ဒါမှ ရေရှည်တည်တံ့နိုင်မှာဖြစ်ပါတယ်။ မြို့ပြအမွေအနှစ် အဆောက်အအုံတွေကိုလည်း ထိန်းသိမ်းရေးလုပ်ငန်းစဉ်က နောက်ကလိုက်နိုင်မှ ရေရှည်တည်တံ့နိုင်မှာဖြစ်ပါတယ်။ သမိုင်းအမြင်၊ သမိုင်းတန်ဖိုးအရ ဒါတွေကို စဉ်ဆက်မပြတ် ထိန်းသိမ်းသင့်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းတစ်ဦး (ရန်ကုန်မြို့)**

ရန်ကုန်မြို့ပြအမွေအနှစ် တစ်ခုဖြစ်တဲ့ ဝန်ကြီးများရုံးကြီးကို အမေရိကန်သမ္မတ မစ္စတာ အိုဘားမားမလာခင်ရက်တွေကတည်းက သန့်ရှင်းရေးတွေ အင်တိုက်အားတိုက် လုပ်နေတာ မြင်ရတော့ ပီတိဖြစ်မိတယ်။ ပွဲပြီးမီးသေမဖြစ်ဖို့တော့လိုတယ်။ ၁၉၀၅ ခုနှစ်က တည်ဆောက်ခဲ့ပြီး ဗြိတိသျှဗိသုကာလက်ရာတွေအပြင် မြန်မာ့သမိုင်းမှာ အလွန်အရေးပါတဲ့ သမိုင်းဝင်အဆောက်အအုံဖြစ်လို့ ဘယ်သူလာလာ၊ မလာလာ အမြဲသန့်ရှင်းသပ်ရပ်အောင်၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သင့်တယ်။ သမိုင်းတန်ဖိုး၊ သမိုင်းပြယုဂ်တစ်ခုအပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုလည်း များစွာအထောက်အကူပြုတဲ့နေရာဖြစ်တယ်။ ကမ္ဘာလှည့်ခရီးသွားတွေကို လေ့လာကြည့်ရင် မိုးမျှော်တိုက်ကြီးတွေ၊ ခေတ်မီအဆောက်အအုံတွေကို ဓာတ်ပုံရိုက်တာမဟုတ်ဘူး။ ရန်ကုန်ကိုရောက်ရင် ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)ကို လမ်းပေါ်က ငေးကြည့်ပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြတာလေ။ ဒါတောင် ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ဈာပနထားရာ ဂျူဗလီဟောတို့၊ လွတ်လပ်ရေးရပြီးရင် ချမှတ်မယ့် ဆိုရှယ်လစ်ဗီလာစီမံကိန်း ကျင်းပရာ ဆိုရှယ်လစ်ဗီလာအဆောက်အအုံတို့ မရှိတော့လို့။ ရှိရင် ကမ္ဘာလှည့်ခရီးသွားတွေက ဓာတ်ပုံရိုက်ကြဦးမှာ။ ဒါကြောင့် ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကို အခုကတည်းက လုပ်ကြဖို့လိုတယ်။ တော်တော်နောက်ကျနေပြီ။ လက်ရှိ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအပိုင်းကို စေတနာထားပြီး ဆောင်ရွက်နေတဲ့ ဒေါက်တာ သန့်မြင့်ဦးနဲ့ YHT ကို ကျေးဇူးတင်ပါတယ်။

**ဦးသန့်သော်ကောင်း**
**အလုပ်အမှုဆောင်**
**ရန်ကုန်မြို့ပြအမွေအနှစ်**
**ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(YHT)**

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လုပ်ထားတဲ့ စီမံကိန်းတွေအများကြီးရှိတယ်။ လက်ရှိလုပ်ဖို့ ရည်ရွယ်ထားတာကတော့ ကုန်သည်လမ်းနဲ့ (၃၈)လမ်းမှာရှိတဲ့ လူထုဦးစိန်ဝင်းနေသွားတဲ့ အိမ်ကိုလည်းပြန်ပြီး ထိန်းသိမ်းဖို့လုပ်နေတယ်။ အခုက ပိုင်ရှင်နဲ့ ပြန်ပြီးညှိနှိုင်းနေတဲ့အပိုင်းတော့ရောက်နေပြီ။ နောက်ပြီး ပန်းဆိုးတန်းနဲ့ ကုန်သည်လမ်းထောင့်က ပြည်တွင်းအခွန်များဦးစီးဌာနနဲ့အတူ အခြားပုဂ္ဂလိက ပိုင်ဆိုင်မှုတွေရှိတဲ့ အဲဒီအဆောက်အအုံကိုလည်းပြန်ပြီး ထိန်းသိမ်းဖို့လုပ်နေတယ်။ ရန်ကုန်ဆိပ်ကမ်းမှာလည်း တစ်နေရာရှိသေးတယ်။ ပြည်သူတွေ ဆိပ်ကမ်းမှာ သွားကြည့်ဖို့နေရာရှားနေတယ်။ နန်းသီတာဆိပ်ကမ်းမှာလည်း ပြန်လုပ်ဖို့တွေ ရှိနေတယ်။ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကို ပြည်သူတွေ အများကြီးပါဝင်သင့်တာပေါ့။ ပြည်သူရဲ့ အသံက ပိုအရေးကြီးတယ်လေ။ တချို့ ရှေးဟောင်းအဆောက်အအုံတွေကိုမသိဘဲ ဆောက်လိုက်တာလည်းရှိတယ်။ မသိဘဲ ဖျက်လိုက်တာလည်းရှိတယ်။ ဒါကြောင့် ပြည်သူတွေရဲ့ အသံက အရေးကြီးတယ်။

နောက်ပြီး အစိုးရအပိုင်းကလည်း ပံ့ပိုးမှုတွေ ပိုလုပ်ဖို့လိုတယ်။ ဒါကတစ်ယောက်တည်း လုပ်လို့မရဘူး။ အခုနောက်ပိုင်းမှာတော့ အများကြီးထောက်ပံ့မှုပေးပါတယ်။ သမ္မတ အိုဘားမားလာမယ်။ ဒါမျိုးတွေကိုကြည့်ချင်တယ်ဆိုတော့ အစိုးရက ဝိုင်းပြီးပံ့ပိုးပေးတယ်။ အစိုးရအနေနဲ့ လုပ်ပေးနိုင်တာတွေလည်း အများကြီးရှိတယ်။ အားလုံးပေါင်းလုပ်ရမှာပေါ့လေ။ လက်ရှိမှာတော့ မူလက ရန်ကုန်မြို့ပြအမွေအနှစ်အဆောက်အအုံ ၁၈၉ လုံး စာရင်းအပြင် ထပ်တိုးတာတွေနဲ့ဆို အများကြီးဖြစ်သွားပြီ။

ဝန်ကြီးများရုံးကို သမ္မတအိုဘားမားလာရောက်ကြည့်ရှုလေ့လာတာနဲ့ ပတ်သက်ပြီး YHT က ဝမ်းသာတာပေါ့ဗျာ။ နိုင်ငံတကာခေါင်းဆောင်တစ်ယောက်အနေနဲ့ ဒါတွေကို ပံ့ပိုးကူညီရာရောက်တာပေါ့ဗျာ။ ကျွန်တော်တို့ YHT ကိုလည်း နိုင်ငံတကာက သိသွားမယ်။ ဒါ့အပြင် ဒီလိုသိရုံနဲ့မကသေးဘူး။ အတွင်းဝန်ရုံးအပိုင်းကပြန်ပြီး အကောင်အထည်ဖော်ရမယ့်အပိုင်းတွေ ပါလာပြီလေ။ ဒါတွေက ဒီလိုချည်းထားလိုက်ရင် ပျက်စီးသွားမှာပေါ့။ အမြန်ဆုံး အကောင်အထည်ဖော်ဖို့ ဒါတွေကို ဝိုင်းဝန်းလုပ်ကြဖို့ တိုက်တွန်းတဲ့သဘောလည်း ပါတာပေါ့။

**ဦးခင်မောင်မောင်**
**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**
**ဗဟိုအလုပ်အမှုဆောင်**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဗိသုကာပညာရှင်(ငြိမ်း)**

ရှေးဟောင်းအဆောက်အအုံဆိုတာ အမျိုးမျိုးရှိတာပေါ့လေ။ အဲဒီအဆောက်အအုံတွေကို ဒီထက်ပိုပြီးမပျက်ယွင်းရအောင်၊ မပျက်ခင်မှာ သူ့မူလရှိခဲ့တဲ့ လက်ရာတွေကိုတတ်နိုင်သမျှ အသေးစိတ်မှတ်တမ်းယူထားရမှာပေါ့လေ။ အဲဒီလိုလုပ်မှ မှတ်တမ်းတွေအရင်ရမှာ။ တကယ်လို့ အဲဒီလိုဓာတ်ပုံမှတ်တမ်းတွေအပါအဝင် အသေးစိတ်ရထားရင် တစ်ချိန်ချိန်မှာ မူလလက်ရာမပျက်ပြင်နိုင်အောင် မှတ်တမ်းတွေက အများကြီးအထောက်အကူပေးတယ်။

နောက်တစ်ခုက မှတ်တမ်းတွေရရင် သက်ဆိုင်ရာ အင်ဂျင်နီယာတွေရဲ့ နည်းပညာနဲ့ပိုပြီး ပျက်စီးမှုမရှိအောင် ဘယ်လိုကာကွယ်ရမလဲဆိုတာ ဆောင်ရွက်ရပါမယ်။ နောက်တစ်ချက်က လုံးဝပြင်လို့မရတဲ့ အစိတ်အပိုင်းတွေကို ပြန်လည်အစားထိုးမယ်ဆိုရင်လည်း မူလလက်ရာမပျက်ယွင်းအောင် လုပ်နိုင်ရမယ်။ အဲဒီလိုလုပ်နိုင်တဲ့ပညာရှင်တွေကို စုဆောင်းထားရမယ်။ မူလလက်ရာအတိုင်းရအောင်လုပ်ဖို့ကခက်တယ်။ ကျွမ်းကျင်ပညာရှင်တွေကိုလည်း ထိန်းသိမ်းမွေးမြူထားရမယ်။

ပြင်တဲ့လူတွေကလည်း ရှေးဟောင်းလက်ရာတွေကို အမြတ်တနိုးတန်ဖိုးထားပြီး မိဘအမွေအနှစ်ပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်သလိုစိတ်ဓာတ်မျိုး မွေးမြူဖို့လိုတယ်။

အနှစ်ချုပ်ပြောရရင် ရှေးဟောင်းအမွေအနှစ်လက်ရာတွေကို မပျက်စီးအောင် မှတ်တမ်းတွေယူပြီး ထိန်းသိမ်းထားရမယ်။ တတ်ကျွမ်းတဲ့ ပညာရှင်တွေကိုလည်း မျိုးဆက်မပြတ်အောင် မွေးမြူထားနိုင်ရမယ်။ ပညာရှင်တွေသာမက နိုင်ငံသားတွေအနေနဲ့လည်း ရှေးဟောင်းအမွေအနှစ်လက်ရာတွေကို ကိုယ့်ရဲ့ မိဘဘိုးဘွားပိုင်အမွေအနှစ်ပစ္စည်းလို ထိန်းသိမ်းစောင့်ရှောက်ချင်တဲ့ စိတ်ဓာတ်တွေရှိဖို့လိုပါလိမ့်မယ်။ ။

# မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ တန်ဖိုးနည်းအိမ်ရာများနှင့် စာသင်ကျောင်းဆောင်များဆောက်လုပ်နေမှု စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအုပ်စု၌ ကျေးလက်တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ထားမှုများ၊ ဝင်းကကျေးရွာအုပ်စု အမက ကြာစီအောင်ကျောင်းဆောင် တည်ဆောက်နေမှု၊ ယွန်းဒလင်းကုန်းကျေးရွာအုပ်စု အမက(လွန်) ကကတဲကျောင်းဆောင်ဆောက်လုပ်နေမှု၊ ရွှေလေ့ကျေးရွာအုပ်စု အထက ရွှေလေ့ကျောင်းဆောက်လုပ်နေမှု၊ ကကတစ်အမက ကျောင်းဆောင်ဆောက်လုပ်နေမှုနှင့် ရွှေလေ့တပ်မြေ အမက ကျောင်းဆောင် ဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၃ ရက်တွင် သံဖြူဇရပ်မြို့နယ် ဒရယ်ဖြူကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ရန်ကုန်-မြိတ်လမ်းတစ်လျှောက်ရှိ(ထားဝယ်-မလွှဲတောင်အပိုင်း) ကတ္တရာနှင့် ကျောက်များခင်းကျင်းထားမှုနှင့် ရေဖြူမြို့နယ် အနောက်ပယနှင့် မြောက်ပယကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းဆောင်များ ဆောက်လုပ်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ချောင်းဆုံမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ နိုဝင်ဘာ ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့နှင့်အတူ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးလွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၁၃ ရက်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မုနိုင်းကျေးရွာနှင့် ကဒါကျေးရွာရှိ ကျေးရွာမြစိမ်းရောင်ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စာရင်းဇယားထားရှိမှုကို ကြည့်ရှုခဲ့ပြီးနောက် ချေးငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာသူ ကျေးရွာသားများ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်တွေ့လုပ်ကိုင်တိုးတက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

# (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး စသည့် အမျိုးသားနေ့ဦးတည်ချက်များဖြင့်ကျင်းပသည့် (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ကျင်းပရာ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်၊ မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ပြည်မြန်မာသီချင်း" သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြို့နိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် အမျိုးသားနေ့သဝဏ်လွှာကိုဖတ်ကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်နှင့် တာဝန်ရှိသူများက အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ဇာတိမာန်သီချင်း" သီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များ၌(၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပသည်။

ထို့အတူ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



## (၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား အမြို့မြို့အနယ်နယ်၌ ကျင်းပ

### ရမည်းသင်းမြို့နယ်

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက (၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်က ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဇော်ဝင်းအောင်)**

### ဂန့်ဂေါမြို့နယ်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း ပုံညာခန်းမ၌ (၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(ကျော်သန်းဆွေ)**

### ဘောလခဲမြို့နယ်

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့နယ်၌ (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာဖတ်ပွဲနှင့် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဘောလခဲခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ခရိုင်ဦးစီးအရာရှိဦးမျိုးတင့်ထူးက ဖတ်ကြားပြီး (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ခဲ့ကြသည်။

**လှရွှေ(IPRD)**

### သထုံမြို့နယ်

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၁၄ ခုနှစ် (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၇ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြက်ခင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတထံမှပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ဖတ်ကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

### လှိုင်သာယာမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အထက(၂) မုဒိတာခန်းမ၌ (၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော(၉၄)နှစ်မြောက်အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက ဖတ်ကြားသည်။

**(သန်းထွန်း)**

### ညောင်ရွှေမြို့နယ်

(၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၇ နာရီက ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက ဖတ်ကြားသည်။ ဆက်လက်၍ အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့် ခဲ့ကြောင်းသိရသည်။ **(နေမျိုးသူရိန်)**

### ညောင်လေးပင်မြို့နယ်

(၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အထက(၁) ပညာ့ဂုဏ်ရည်ခန်းမ၌ကျင်းပရာ ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အမျိုးသားနေ့ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းနုတို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**နေလင်း(ညောင်လေးပင်)**

### ဟိုပန်မြို့နယ်

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်တွင် (၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း စောမဟာခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက "ပြည်မြန်မာသီချင်း" သီဆို၍ ဖွင့်လှစ်ခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ဖတ်ကြားသည်။ ဆက်လက်၍ အမျိုးသားနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့် ဆုရကျောင်းသား ကျောင်းသူများကို ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ အလယ်တန်းအဆင့်ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးက လည်းကောင်း၊ မူလတန်းအဆင့်ဆုရရှိသူများအား မြို့နယ်ပညာရေးမှူးက လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

### ကျွန်းလှမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ (၉၄)နှစ်မြောက်အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီက ကျွန်းလှအထကကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းက ဖတ်ကြားပြီး တာဝန်ရှိသူတို့က စာစီစာကုံးနှင့် ကဗျာရွတ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည်။

**မျိုးဝင်းညို(ကျွန်းလှ)**

### မြင်းမူမြို့နယ်

၂၀၁၄ ခုနှစ် (၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို မြင်းမူအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြင်းမူအထက ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ"သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ဖတ်ကြားသည်။ ထို့နောက် (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။ **(၆၂၄)**

### ကံမမြို့နယ်

သရက်ခရိုင် ကံမမြို့ အခြေခံပညာအထက်တန်းကျောင်း (ကံမ)တွင် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက (၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်းက ဖတ်ကြားသည်။

ထို့နောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူအသီးသီးက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(iprd)**

### ဇမ္ဗူသီရိမြို့နယ်

(၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားနှင့် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက ဖတ်ကြားသည်။

ဆက်လက်၍ (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(ရွှေကုက္ကိုု)**

### မော်လိုက်မြို့နယ်

(၉၄)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် အထက်တန်းကျောင်းရှေ့ ကွင်းပြင်၌ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာအား မော်လိုက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက ဖတ်ကြားသည်။ ဆက်လက်ပြီး ထက်၊ လယ်၊ မူ အဆင့် အမျိုးသားနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြပြီး အခမ်းအနားကို ဇာတိမာန်သီချင်းဖြင့် ရုပ်သိမ်းခဲ့သည်။ **(မော်လိုက်သားလေး)**

### မော်လမြိုင်ကျွန်းမြို့နယ်

၂၀၁၄ ခုနှစ် (၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားနှင့်အမျိုးသားနေ့အထိမ်းအမှတ်အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့ အထက(၁) မဟာဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ဖတ်ကြားသည်။

ထို့နောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မော်ကျွန်းမြင့်အောင်)**

### ပေါင်မြို့နယ်

(၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီက ပေါင်မြို့ အထက ရွှေရတုခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ပေါင်မြို့နယ်ပညာရေးမှူး ဒေါက်တာချစ်ကိုကိုက ဖတ်ကြားသည်။

ထို့နောက်(၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(ခင်မောင်ဝေ)**

ပြည်တွင်းရေးရာ

# လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ဓာတ်အားအပြည့်အဝရရှိရေး ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၆**

နိုဝင်ဘာ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက်အတွင်း၌ (၂၀၁၄/၂၀၁၅)ဘဏ္ဍာရေးနှစ် System Improvement လုပ်ငန်းအဖြစ် (၁၁-၆. ၆/၀. ၄)ကေဗွီ၊ (၃၁၅) ကေဗွီအေ ထရန်စဖော်မာတစ်လုံး တပ်ဆင်ခြင်းနှင့်(၆ . ၆) ကေဗွီဓာတ်အားလိုင်း အန္တရာယ်ကင်းရှင်းစေရေး (SAC) Insulated Spacer Aluminium Cable ကြိုးများဖြင့် တည်ဆောက်တပ်ဆင်ခြင်းတို့ကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ကြီးကြပ်မှုနှင့် အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အင်ဂျင်နီယာနှင့် လိုင်းဝန်ထမ်းများက ဆောင်ရွက်ကြရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ဒလမြို့နယ် အောင်မင်္ဂလာရပ်ကွက် ဒလ-တွံတေးကားလမ်း(ဒလသဘော်ဆိပ်အနီး)တွင်၄၀၀ ဗို့ ဓာတ်အားလိုင်းအား လိုင်းပုခက်ကြိုး တပ်ဆင်ခြင်းနှင့် လျှပ်ကာပါသောကြိုးများ ပေ ၁၂၀ ခုနစ်ခန်း လဲလှယ်တပ်ဆင်ခြင်း၊ လှိုင်သာယာမြို့နယ် (၁၈) ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းတွင် လျှပ်ကာပါသော ဓာတ်အားလိုင်း ပေ ၇၀၀ လဲလှယ်ခြင်း၊ တောင်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက် သုတလမ်းမကြီးတွင် ပေ ၁၂၀ အကျယ် ၁၆ ခန်းနှင့် ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက်တွင် ပေ ၁၂၀ အကျယ် ၁၂ ခန်းကို လျှပ်ကာပါသော လိုင်းကြိုးများဖြင့် လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းများအား ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ❍ မန္တလေးမှ

မြန်မာနိုင်ငံ၏ ဗဟိုချက်မဖြစ်၍ ခရီးသည်များ မန္တလေးမှတစ်ဆင့် မြန်မာပြည်အနှံ့သွားလာနိုင်ကြောင်း၊ သို့သော်လည်း ယခုအခါတွင် ခရီးသွားလာမှုနည်းပါး၍ ငွေကြေးအနေဖြင့် ရှုံးနိမ့်နေကြောင်း၊ ထို့ကြောင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အား အဆင့်မြှင့်တင်ခြင်းနှင့် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် MC. Jalux Airport Service ကုမ္ပဏီသို့ ဆောင်ရွက်နိုင်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးရခြင်းဖြစ်သည်ဟု ပြောသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. TATESHI HIGUCHI နှင့် MR. SHOICHIRO MORIWAKI တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်း MC Jalux မှ ဒါရိုက်တာ MR. TAKAO SUZUKI တို့က သဘောတူလက်မှတ်ရေးထိုးသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အား နိုင်ငံတကာအဆင့် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်ကို Deputy General Manager (Mitsubishi Corporation)က ရှင်းလင်းပြောကြားသည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အား နိုင်ငံတကာ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့်လေယာဉ်ဆီများ မန္တလေးလေဆိပ်တွင် ဖြည့်သွင်းနိုင်ရန်၊ ခရီးသွားလုပ်ငန်းများကိုလည်း တိုးချဲ့ရန်၊ Cargo များကိုလည်း သယ်ယူပို့ဆောင်နိုင်စေရန်၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သည် စင်ကာပူလေဆိပ်ထက် ပိုမိုကြီးကြောင်း၊ ယင်းလုပ်ငန်းများသည် ယနေ့မှစတင်၍ အသက်ဝင်သွားကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အား နိုင်ငံတကာအဆင့် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်မှာ နောက်သုံးလအကြာတွင် စတင်မည်ဟု သိရပြီး မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့် လေဆိပ်ဝန်ဆောင်မှုပေးမည့်လေဆိပ်များမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဟံသာဝတီနိုင်ငံတကာအဆင့်မီ လေဆိပ်တို့ဖြစ်ကြောင်း သိရသည်။

**အောင်မင်း(ဒလ)**

## ❖ ပြည်ပခရီးသွားများမှ

အရင်ဦးဆုံး လင်းပိုင်တွေရှိတတ်တဲ့နေရာတွေကို လိုက်ရှာရပါတယ်။ လင်းပိုင်ဟာ ရေနေနို့တိုက်သတ္တဝါဖြစ်ပေမယ့် ငါးတွေလို့ ရေအောက်မှာ မနေနိုင်လို့ မကြာခဏရေပေါ်ခေါင်းဖော်ပြီးအသက်ရှူဖို့ တက်တတ်ပါတယ်။ ဒီလို လိုက်ရှာရင်း လင်းပိုင်ကို လှမ်းတွေ့တဲ့အခါ ဒါမှမဟုတ် လင်းပိုင်ခိုအောင်းတတ်တဲ့နေရာကို ခန့်မှန်းမိတဲ့အခါ လင်းပိုင်ကိုခေါ်ဖို့ သစ်သားတုတ်တံလေးနဲ့ လှေဘောင်နံရံကို တစ်ချက်ချင်းဖြည်းဖြည်းရိုက်ခတ်ပေးရပါတယ်။ အဲဒီရိုက်ခတ်သံကို လင်းပိုင်ကြားတဲ့အခါ အသံလာရာဆီသို့ ရောက်လာတတ်ပါတယ်။ တစ်ခါတစ်ရံလင်းပိုင်က အသံကြားပေမယ့် ရေလုပ်သားခေါ်သံဟုတ်၊ မဟုတ်သံသယရှိတတ်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့က လက်ပစ်ကွန်နဲ့နှစ်ခါလောက်ကွန်ချက်ပြရပါတယ်။ လှေဆီသို့ လင်းပိုင်တဖြည်းဖြည်းကပ်လာပြီး အမြီးကို ရေပေါ်ပြားလိုက်ဖော်၊ အထက်အောက်လှုပ်ယမ်းပြီး ကူးခတ်ပြတယ်။ ပြီးတော့အမြီးကို ပြားလိုက်လှုပ်ခတ်ပြီး ငါးရနိုင်မယ့်နေရာကို ရှေ့ကနေ ဦးဆောင်ပြီးမှန်မှန်ကူးခတ်သွားရာနောက်ကို လှေနဲ့လိုက်ရပါတယ်။ ငါးရနိုင်မယ့်နေရာကို ရောက်ချိန်မှာ လင်းပိုင်ကအမြီးဒေါင်လိုက်တည့်တည့်ထောင်ပြီး အချက်ပြပါတယ်။ အဲဒီဝန်းကျင်မှာ လှေကိုရပ်ထားရပါတယ်”ဟု အစချီကာပြောပြသည်။

“ကျွန်တော်တို့ငါးဖမ်းလိုက်ရာမှာ လင်းပိုင်ဟာ တစ်ကောင်တည်း ဦးဆောင်လမ်းပြတတ်သလို နှစ်ကောင်၊ သုံးကောင်စတဲ့ အုပ်စုလိုက်တွဲပြီး ပါလာတတ်ကြပါတယ်။ ဦးဆောင်တဲ့လင်းပိုင်တစ်ကောင်တည်းကသာအချက်ပြပါတယ်။ ကျွန်တော်တို့ ရွှေညီအစ်ကိုလို့ အမည်ပေးထားတဲ့ လင်းပိုင်နှစ်ကောင်ကတော့ ကွန်ပစ်ဖို့ ပြိုင်တူ အချက်ပြတတ်ပါတယ်။ ဒီအခါမှာ ကျွန်တော် ဘယ်လင်းပိုင်က ကွန်ပစ်ဖို့ အချက်ပြတယ်ဆိုတာ ရွေးချယ်ရပါတယ်။ အခြားလင်းပိုင်တွေကိုလည်း ဂုတ်ကြီး၊ ဘေးကြားမ၊ လည်ရစ်၊ ဖြတ်ကြီး၊ လွန်းမောင်မစတဲ့ အမည်နာမတွေ ပေးထားပါတယ်။ ငါးရှိတဲ့နေရာမှာ လင်းပိုင်တွေဟာ စက်ဝိုင်းခြမ်းပုံသဏ္ဌာန် ကူးခတ်ပြီး ငါးများဖြန့်ထွက်မသွားဖို့ လမ်းကြောင်းပိတ်ပြီး ငါးမောင်း၊ ငါးခြောက်ကြပါတယ်။ ငါးမောင်းပေးတဲ့နေရာတွေဟာ ရေနက်ပိုင်းမဟုတ်ဘဲ ကမ်းစပ်နဲ့နီးပြီး ရေအနက် ခြောက်ပေအောက်သာ အများဆုံးရှိတဲ့ ရေတိမ်ပိုင်း သောင်ကွေ့သောင်ဝိုက်နေရာကို သာမောင်းပို့ကာ ကျွန်တော်တို့ကို ကွန်ပစ်ဖို့အချက်ပြပါတယ်။ လင်းပိုင်က အမြီးကို ဒေါင်လိုက်ထောင်ပြချိန်မှာ ကွန်ပစ်ဖို့အသင့်ပြင်ထားရပြီး ထောင်ထားတဲ့အမြီးကို ဘေးတိုက်လှုပ်ယမ်းပြချိန်မှာ ကွန်ပစ်ရပါတယ်။ ကွန်ပစ်လိုက်တဲ့အခါ ကွန်အနားမှာ တပ်ဆင်ထားတဲ့ ခဲသီးလေးများရဲ့ အရှိန်ကြောင့် ကွန်ဝိုင်းဘေးသား တစ်လျှောက်ရှိ ငါးတွေမူးဝေကာ သဲနုန်းတွေအတွင်းမှ တိုးထွက်လာပါတယ်။ အဲဒီငါးတွေကို လင်းပိုင်တို့က ဖမ်းယူစားကြပါတယ်။ ကျွန်တော်တို့ ကွန်ကို ဆွဲတင်ပြီး ပိုက်ကွန်အတွင်းပါလာတဲ့ငါးကို ယူနေချိန်မှာ မြစ်ကြမ်းပြင် ကွန်ချက်အောက်ရှိ သဲနုန်းအတွင်း ကျန်ရစ်နေတဲ့ငါးတွေကို လင်းပိုင်တို့စားကြပါတယ်”ဟု ရေလုပ်သားကိုအောင်ကျော်က ဖြည့်စွက်ပြောပြသည်။

“ပိုရှင်းအောင်ပြောရရင် လင်းပိုင်က အမြီးကိုဖော်ပြီး ပြားလိုက်လက်ယပ်ခေါ်သလို လုပ်ပြရင် လင်းပိုင်းနောက်မှ လှေလှော်လိုက်သွားရမယ်။ အမြီးကို ဒေါင်လိုက်ဖော်ထားရင် ကွန်ပစ်ဖို့ အသင့်ပြင်ထားရမယ်။ ဒေါင်လိုက်ဖော်ထားတဲ့အမြီး ဘေးတိုက်လှုပ်ယမ်းပြရင် အဲဒီနေရာကို ကွန်ပစ်ရတယ်ပေ့ါ။ ကျွန်တော်တို့က သစ်သားတုတ်တံခေါက်ပြီး လင်းပိုင်ကို ခေါ်ဖို့ အချက်ပေးတယ်။ ကျွန်တော်တို့ ကွန်ပစ်ချင်တဲ့နေရာကို လှော်တက်ကိုဒေါင်လိုက်ရေထဲသို့ခုတ်ချပြရသလို နေရာရွှေ့ချင်ရင်လည်း လှော်တက်ကိုပြားလိုက်ရေတွင်လှုပ်ပြီး ခတ်ပြရပါတယ်။ ဒီလိုအချက်ပြသင်္ကေတတွေဟာ လင်းပိုင်နဲ့ ကျွန်တော်တို့ရေလုပ်သားတွေရဲ့ ဆက်သွယ်ရင်းနှီးမှုတွေပါ။ မြစ်ပြင်ကျယ်မှာ ငါးတွေဟာပြန့်ကျဲသွားလာနေလို့ လင်းပိုင်တွေက ငါးကိုလိုက်လံဖမ်းယူစားသောက်ဖို့ အလွယ်တကူမရသလို ရေလုပ်သားတွေမှာလည်း ငါးရှိမယ့်နေရာ ရှာဖွေဖမ်းဆီးဖို့ အခက်အခဲရှိပါတယ်။ အခုလို လင်းပိုင်က ဝိုင်းဝန်းတားဆီးထားတဲ့ ငါးတွေကို ကွန်ပစ်ဖမ်းရလို့ ကျွန်တော်တို့ငါးများများရရှိသလို လင်းပိုင်တွေလည်း ဖမ်းယူစားသောက်ရတာ လွယ်ကူတာပေ့ါ”ဟု လင်းပိုင်နှင့် ရေလုပ်သားတို့၏ ပူးပေါင်း၍ငါးဖမ်းကြပုံကို ရေလုပ်သားကိုဝင်းသန်းက ထပ်မံပြောပြသည်။

ငါးလုပ်ငန်းဦးစီးဌာန ပတ်ဝန်းကျင်နှင့် မျိုးသုဉ်းရှားပါးရေသတ္တဝါများ ထိန်းသိမ်းရေးဌာနစုမှ လက်ထောက်ဦးစီးမှူး ဦးဟန်ဝင်းက “ဧရာဝတီလင်းပိုင်စတွေ့တဲ့အချိန်မှာ ၃၂ ကောင်ရှိပါတယ်။ ၂၀၀၂ ခုနှစ်မှစပြီး ကျွန်တော်တို့ဌာနက လေ့လာစစ်တမ်းကောက်ယူခဲ့ရာ လင်းပိုင်ကောင်ရေဟာ တိုးလိုက်၊ လျော့လိုက်ဖြစ်နေပြီး ၂၀၁၄ ခုနှစ်မှာ ကောင်ရေ ၂၅ ကောင်သာ တွေ့ရတယ်။ ဒီလိုဖြစ်တာ အများစုဟာ တရားမဝင်ငါးဖမ်းလို့ဖြစ်ရတာပါ။ ရေလုပ်သားအချို့ဟာ တားမြစ်ထားတဲ့ငါးဖမ်းပိုက်ကြီးတွေနဲ့ ဘက်ထရီရှော့တိုက်၊ မိုင်းခွဲ၊ အဆိပ်ချပြီးငါးဖမ်းနေကြတယ်။ အဲဒီလိုငါးဖမ်းကြလို့ ငါးတွေပြုန်းတီးရသလို လင်းပိုင်လည်း ထိခိုက်သေဆုံးတာတွေဖြစ်ရတယ်။ ဒါတွေကိုလျော့ပါးသွားအောင် ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေအတွင်း ကင်းလှည့်ခြင်း၊ ပညာပေးဟောပြောခြင်း၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)နဲ့ ပူးပေါင်း၍ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံများနဲ့ ညှိနှိုင်းဆွေးနွေးခြင်းများ လုပ်ဆောင်နေပါတယ်”ဟု ရှင်းပြသည်။

“ဧရာဝတီမြစ်အတွင်းအင်းများလုပ်ကိုင်ရာမှာ အင်းဒိုင်ကနေ အင်းလေလံအောင်သူ (အင်းသူကြီး)ကို လုပ်ကိုင်ခွင့်ပေးပါတယ်။ အင်းသူကြီးက လုပ်ကိုင်ခွင့်ရတဲ့အင်းကို အပိုင်းပိုင်းခွဲ၍ အင်းလုပ်ငန်းလုပ်ကိုင်သူများကို ပြန်လည်ရောင်းချပါတယ်။ အင်းဝယ်ဖို့ ငွေကြေးမတတ်နိုင်တဲ့ရေလုပ်သားတွေကတော့ ငါးဖမ်းဖို့အခက်အခဲဖြစ်လာတယ်။ အင်းအပိုင်းတစ်ပိုင်းမှာ ကွန်ပစ်ချင်ရင် ကွန်တစ်လက်ကို အင်းခွန်နှစ်သောင်း၊ နှစ်သောင်းခွဲပေးရပါတယ်။ အင်းခွန်ဆောင်ထားတဲ့နေရာမှာ ငါးမရတဲ့အခါ အခြားနေရာမှာ ကွန်ပစ်ချင်ရင် အင်းခွန်ထပ်မံပေးရပါတယ်။ ဒါကြောင့် ရေလုပ်သားအချို့ဟာ ငွေကြေးမတတ်နိုင်လို့ တရားမဝင်ငါးဖမ်းကြတာလို့ ထင်ပါတယ်။ ကျွန်တော်တို့ရွာမှာ ရေလုပ်သားများဟာ ဒီလိုတရားမဝင်ငါးဖမ်းကြတာ မလုပ်ကြပါဘူး။ ကျွန်တော်တို့မှာ ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပေးထားတဲ့ ဧရာဝတီလင်းပိုင်ရေလုပ်သားကတ်ပြားရှိလို့ လင်းပိုင်ရှိတဲ့နေရာတွေမှာ အင်းခွန်မဆောင်ရဘဲ ငါးဖမ်းခွင့်ရပါတယ်။ တရားမဝင် ငါးဖမ်းဆီးမှုကို ထိရောက်တဲ့အရေးယူဆောင်ရွက်မှုမရှိသေးတာရယ်၊ အင်းဒိုင်ကြီးကရေလုပ်သားတွေကို ကွန်တစ်လက်တစ်သောင်းထက်မများဘဲ အင်းခွန်တွေ ပေးဆောင်စေပြီး တိုက်ရိုက်လုပ်ကိုင်ခွင့်ပေးရင် တရားမဝင်ငါးဖမ်းမှုများ လျော့နည်းသွားမယ်လို့ထင်ပါတယ်”ဟု ရေလုပ်သား ကိုတင်မြို့က အကြံပြုပြောပြသည်။

ဧရာဝတီမြစ်ကမ်းဘေးတွင်ရှိသော မတ္တရာမြို့နယ် စိန်ပန်းကုန်း၊ မြေစွန်း၊ အေးကျွန်း၊ ဆင်ကျွန်းနှင့်စဉ့်ကူးမြို့နယ် ဆီသည်၊ မြစ်ကမ်းကြီးကျေးရွာများမှ ရေလုပ်သားများနှင့်ဧရာဝတီလင်းပိုင်တို့ပူးပေါင်းပြီး ငါးအတူဖမ်းကြသည့်ဓလေ့ကို နိုင်ငံခြားခရီးသွားများ အထူးစိတ်ဝင်စားလျက်ရှိပြီး လာရောက်လေ့လာသည့် ခရီးသွားဦးရေသည်လည်း နှစ်စဉ်မြင့်တက်လာမှုကြောင့် ကွန်ရေလုပ်သားများနှင့် ကျေးရွာလူထု၏ လူနေမှုဘဝကို အကျိုးဖြစ်ထွန်းစေသဖြင့် လူသားအကျိုးပြုဧရာဝတီလင်းပိုင်များကို မျိုးသုဉ်းပျောက်ကွယ်မသွားအောင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



ရေလုပ်သားက သစ်သားတုတ်တံလေးဖြင့် လှေဘောင်နံရံကို ရိုက်ခတ်သံပေး၍ လင်းပိုင်အား ခေါ်ယူနေစဉ်။

## ✽ အပြည်ပြည်ဆိုင်ရာမှ

ရေနီ၊ လယ်ဝေး၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ ကူမဲ၊ ကျောက်ဆည်၊ မန္တလေးမြို့သို့ ဒီဇင်ဘာ ၁ ရက်တွင် ရောက်ရှိကြမည်ဖြစ်သည်။ ရောက်ရှိသောခရီးစဉ်မြို့များတွင် ညအိပ်ရပ်နားနေစဉ်အတွင်း ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)နှင့် ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)တို့ ပူးပေါင်းစီစဉ်ထားသော ဖြေဖျော်ရေးအဖွဲ့များက တစ်ညတာရပ်နားမည့် ခရီးစဉ်အတွင်း တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

မသန်စွမ်းသူများ ဝှီးချဲစွမ်းရည်ပြခရီးစဉ်မှာ ပဉ္စမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ ယနေ့ တာလွှတ်ပွဲပြုလုပ်မှုမှာ အရှည်ဆုံးခရီးစဉ်တစ်ခုဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်တွင် မန္တလေးမြို့၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် မသန်စွမ်းသူများ၏ မသန်သော်လည်း စွမ်းရည်များရှိကြောင်းကို ပြသခြင်းဖြစ်ကြောင်း ဗိုလ်မှူးကြီး ဦးမျိုးမြင့် (ငြိမ်း)က တာလွှတ်ပွဲ အခမ်းအနား၌ ပြောကြားသည်။

မသန်စွမ်းသူများ ဝှီးချဲစွမ်းရည်ပြ ရန်ကုန်-မန္တလေးခရီးစဉ်အတွက် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ငွေကျပ်သိန်းငါးဆယ် ပေးအပ်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) SMTF Myanmar ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက လက်ခံရယူသည်။

မသန်စွမ်းသူများ ခရီးရှည်စွမ်းရည်ပြ တာလွှတ်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်၊ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောအားကစားအဖွဲ့ချုပ်များ၊ စိတ်ပါဝင်စားသော ပြည်သူများ ၂၀၀ ကျော် တက်ရောက်အားပေးကြကြောင်း သိရသည်။

**(စောသိန်းဝင်း)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပါသည်။

»»» စာမျက်နှာ ၆ မှ

ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများမှာ ဆက်လက်တိုးတက်နေမည်ဖြစ်ကြောင်း အားတက်ဖွယ်တွေ့ရှိရမည်ဖြစ်ပါသည်။

အလားတူ ရုရှားနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမှုများအရ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ၊ ဆောက်လုပ်ရေးနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍ ကုန်သွယ်မှုဆိုင်ရာ၊ ပညာတော်သင်စေလွှတ်ရေးဆိုင်ရာ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတို့အား ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။

အလားတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်း မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေးမြှင့်တင်မှုများ၊ ငြိမ်းချမ်းရေး တည်ဆောက်နေမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။

**အလားတူ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေးရာတွင် စတင်ပြုပြင်ပြောင်းလဲနေပြီဖြစ်သည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ အရှိန်အဟုန်မြင့်တိုးတက်ဖြစ်ထွန်းစေနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာအထောက်အကူပြုစေမည့် အသေးစားနှင့်အလတ်စား စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ အထူးစီးပွားရေးဇုန်များဖြစ်သည့် သီလဝါနှင့် ထားဝယ်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလားအလာကောင်းများ၊ ယာဉ်ကြောကျပ်မှုဒဏ်ကို နေ့စဉ်နှင့်အမျှ ခါးစည်းခံနေကြရသည့် ရန်ကုန်မြို့နေပြည်သူများအတွက် သယ်ယူပို့ဆောင်ရေးစနစ်ပြုပြင်ပြောင်းလဲရေးဆိုင်ရာများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ပြီး ဂျပန်ဝန်ကြီးချုပ်ကလည်း မြန်မာနိုင်ငံအစိုးရ၏ တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသော ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ထောက်ခံပြီး ပူးပေါင်းဆောင်ရွက်အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ဆဲ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို ထောက်ခံပါကြောင်းနှင့် မကြာမီ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ကြောင်း အားပေးထောက်ခံပြောကြားခဲ့ပါသည်။**

**အလားတူ ဒေသတွင်းနိုင်ငံများအနက် မြန်မာနှင့်အင်ဒိုနီးရှား နှစ်နိုင်ငံကြား ကုန်သွယ်မှုကို ၂၀၁၆ ခုနှစ်တွင် ဒေါ်လာ တစ်ဘီလီယံအထိ တိုးမြှင့်နိုင်ရေးဆွေးနွေးနိုင်ခဲ့မှုက မြန်မာ့ကုန်သွယ်မှုလမ်းကြောင်းအတွက် အားရဖွယ်ဖြစ်ပါ၏။**

**ဆက်စပ်ထိပ်သီးအစည်းအဝေးများ**

(၉) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးအပါအဝင် (၆)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေး၊ (၁၂) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၆)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၄၀) နှစ်မြောက် အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၊ (၁၇) ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး၊ (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၇) ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံ ထိပ်သီးအစည်းအဝေး၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီ ထိပ်သီးအစည်းအဝေးတို့ကို ကျင်းပနိုင်ခဲ့ပြီး ရလဒ်ကောင်းများ ရရှိခဲ့ကြရာ ယင်းတို့အနက် အချို့သောအကြောင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) အာဆီယံနှင့် အိန္ဒိယအကြား နှစ်ဖက်ကုန်သွယ်မှုသည် ၂၀၁၅ ခုနှစ်တွင် ဒေါ်လာ ၁၀၀ ဘီလီယံရောက်ရှိရေး၊
(၂) အိန္ဒိယ-မြန်မာ-ထိုင်း (၃) နိုင်ငံဆက် အဝေးပြေးလမ်းမကြီးနှင့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့ကို တိုးချဲ့ဆက်သွယ်နိုင်ရေး၊
(၃) အာဆီယံ-ဂျပန် ကုန်သွယ်မှုနှင့် ခရီးသွားလာရေး လုပ်ငန်းများကို မြှင့်တင်ပြီး အာဆီယံ-ဂျပန် လွတ်လပ်သော ကုန်သွယ်မှုနယ်ပယ်ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊
(၄) မြန်မာနိုင်ငံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်မှတစ်ဆင့် ဒေသတွင်း ဆက်သွယ်ရေးလမ်းကြောင်းများ တိုးမြှင့်ဆောင်ရွက်ရေး၊
(၅) အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ အဆင့်မြှင့်တင်ရေး၊
(၆) တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ကြေညာစာတမ်း အပြည့်အဝအကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ဒေသဆိုင်ရာလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို တူညီဆန္ဒကို အခြေခံ၍ ဆောလျင်စွာ အဆုံးသတ်နိုင်ရေး၊
(၇) အာဆီယံ+၃ စီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရေး၊
(၈) အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(၉) ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်တို့ကို အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်ရေး၊
(၁၀) ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရေး၊
(၁၁) အနာဂတ်မိတ်ဖက်ဆက်ဆံရေး ပိုမိုခိုင်မာစေရန်နှင့် ဒေသအသီးသီးရှိ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများခိုင်မာရေး၊
(၁၂) တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီထွန်းကားရေး၊
(၁၃) ဘာသာကွဲများနှင့် ယဉ်ကျေးမှုများအကြား ထိတွေ့ဆက်ဆံမှုများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊
(၁၄) နယ်စပ်ဖြတ်ကျော်မှုခင်းများ ကာကွယ်လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊
(၁၅) ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေး၊
(၁၆) သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် အစွန်းရောက် ပြည်ပအကြမ်းဖက်တိုက်ခိုက်သူများ အန္တရာယ် တွန်းလှန်နိုင်ရေး၊
(၁၇) အီဘိုလာကဲ့သို့ ကူးစက်ရောဂါများ တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲရေး၊
(၁၈) နယ်စပ်ဖြတ်ကျော် လူ၊ လက်နက်နှင့် မှောင်ခိုမှုများကို တားဆီးနှိမ်နင်းရေး၊
(၁၉) အရှေ့တောင်အာရှ အဏုမြူလက်နက်ကင်းမဲ့ဇုန်စာချုပ် နောက်ဆက်တွဲ ပရိုတိုကောတွင် အဏုမြူလက်နက်ပိုင်ဆိုင်သော နိုင်ငံများ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး

တို့အပါအဝင် မိတ်ဖက်နိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးတို့ကို ဆွေးနွေးနိုင်ခဲ့ကြရာ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါ အခွင့်အလမ်းကောင်းများမှရရှိသော အကျိုးကျေးဇူးကို ခံစားရမည်ဖြစ်ပါသည်။

**အစည်းအဝေးတက်ရောက်နေစဉ်အတွင်း ရောက်ရှိနေကြသည့် နိုင်ငံတကာမှ ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲများကျင်းပခဲ့ကြရာ ယင်းတွေ့ဆုံမှုများမှ သက်ဆိုင်ရာနိုင်ငံများအကြား အကျိုးဖြစ်ထွန်းမှုများသည် မြန်မာကို ကမ္ဘာ့ကသတိရနေစေမည့် မှတ်တိုင်များအဖြစ် သမိုင်းတွင်ကျန်ရစ်နေမည်ဖြစ်ပါသည်။**

**အဆိုပါ ရလဒ်နှင့် အခွင့်အလမ်းကောင်းများကို ခြုံငုံသုံးသပ်မည်ဆိုပါက မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် တစ်နိုင်ငံချင်းစီ တွေ့ဆုံမှုများတွင်လည်းကောင်း၊ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများတွင်လည်းကောင်း ဆွေးနွေးညှိနှိုင်းမှုများမှ ရရှိခဲ့သော သဘောတူညီမှုများသည် ပြည်သူတစ်ရပ်လုံးနှင့် ပြည်တွင်းအဖွဲ့အစည်းအသီးသီးတို့၏ လိုလားချက်များနှင့် ထပ်တူနီးပါးမျှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။**

ယင်းရလဒ်များ၏ အကျိုးစီးပွားကို ပီပြင်ပြည့်ဝစွာ တစ်နိုင်ငံလုံး ခံစားနိုင်ရေး၊ စံစားနိုင်ရေးမှာမူ နိုင်ငံသားအားလုံးနှင့် ကဏ္ဍအလိုက်တွင်ပါဝင်သော လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ဆောင်ရွက်နိုင်စွမ်းရှိမှုအပေါ် မူတည်နေမည်သာ ဖြစ်ပါသည်။

**လှုပ်လှုပ်ရှားရှားပုံရိပ်များနှင့် အိမ်ရှင်အာဆီယံအပေါ် အမြင်များ**

**မြန်မာနိုင်ငံတွင် ယခုကျင်းပခဲ့ပြီးဖြစ်သည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးကျင်းပမှုများကို သတင်းရယူရန်အတွက် ပြည်တွင်းပြည်ပမှ ရုပ်သံလွှင့်နှင့် စာနယ်ဇင်းသတင်းမီဒီယာသမားများလာရောက်ခဲ့ကြရာ မှတ်တမ်းများအရ သက်ဆိုင်ရာနိုင်ငံများအလိုက် ပါရှိလာသူ ၅၉၁ ဦး၊ ပြည်တွင်းရုပ်သံလွှင့်နှင့် သတင်းဌာန ၂၉ ခုနှင့် ပြည်ပရုပ်သံလွှင့်နှင့် သတင်းမီဒီယာဌာန ၁၂၄ ခု တို့မှ သတင်းမီဒီယာသမား ၄၅၀ ဦး၊ စုစုပေါင်း သတင်းမီဒီယာသမားတစ်ထောင်ကျော် တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။**

ယင်းတို့၏အမြင်များကိုလည်း မီဒီယာများတွင် ပြောကြားဖော်ပြနေမှုများရှိနေကြရာ ခြုံငုံသုံးသပ်ပါက အိမ်ရှင်မြန်မာတို့၏ ကြိုးစားဆောင်ရွက်မှုအရပ်ရပ်ကို အတိုင်းအတာတစ်ခုအထိ အားရကျေနပ်မှုရှိကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။

**ကျရာတာဝန် ထမ်းကျေပွန် အိမ်ရှင်ပီသ မြန်မာ့ဗီဇ**

မိမိအနေဖြင့် အဆိုပါအခမ်းအနားကြီးတွင် သတင်းမီဒီယာသမားများ၏ ပြင်ပသတင်းရယူခြင်းများ ပြုလုပ်ရာ၌ ကူညီဆောင်ရွက်ပေးရန် တာဝန်ဖြင့် ပါဝင်ခွင့် ရရှိခဲ့ပါသည်။ တကယ်တော့ မိမိတို့မြန်မာလူမျိုးဟူသည်က ခင်မင်တတ်သည့်စိတ်၊ ဖော်ရွေတတ်သည့် အမူအရာ၊ ကူညီပေးတတ်သည့် နှလုံးသား၊ ဧည့်သည်ကိုချစ်မြတ်နိုးစွာ အလေးထားတတ်ကြသူများ ဖြစ်ပါသည်။

အမှန်စင်စစ် မိမိတို့နိုင်ငံသည် အကြောင်းကြောင်းသော အကြောင်းများကြောင့် အာဆီယံစတင်တည်ထောင်ပြီး နောက်နှစ်ပေါင်း (၃၀) အကြာတွင်မှ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ခွင့်ရရှိခဲ့ပါသည်။ ထိုသို့ အဖွဲ့ဝင်ဖြစ်ပြီး နှစ်ပေါင်း (၁၇) နှစ်အကြာတွင်မှ အာဆီယံဥက္ကဋ္ဌတာဝန်ယူခွင့် ကြုံကြိုက်လာခဲ့ပြီး အိမ်ရှင်အဖြစ် ထမ်းဆောင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ထမ်းဆောင်ခွင့်ရရှိခြင်းကိုလည်း နိုင်ငံ၏အချိုးအကွေ့၊ အလှည့်အပြောင်းနှင့် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းမှုကို မိတ်ဆွေနိုင်ငံများက အားပေးထောက်ခံယုံကြည်မှုကြောင့် ရရှိလာသည့်အခွင့်အရေးဟု မှတ်ကျောက်တင် ဂုဏ်ယူရမည်ပင်ဖြစ်ပါသည်။

ယခင်အခါက အခါမသင့် မကြုံလင့်၍ ထမ်းခွင့်မကြုံခဲ့သော်ငြားလည်း ယနေ့အခါသမယတွင် ဒီမိုကရေစီနိုင်ငံသို့ အသွင်ကူးပြောင်းစနိုင်ငံအဖြစ်ပြောင်းလဲမှုပန်းပွင့်စုံ ဖူးပွင့်လာမှုနှင့်အတူ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းခွင့်ကြုံခဲ့ပြီဖြစ်ပေရာ ဂုဏ်ယူတန်ဖိုးထားစွာဖြင့် အောင်မြင်ပြီးမြောက်အောင်ဆောင်ရွက်မည်ဟူသည့် ထက်သန်ပြင်းပြသောစိတ်အပြည့်ဖြင့် အိမ်ရှင်တာဝန် မလစ်ဟင်းစေရေးအတွက် ကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်မာတစ်မျိုးသားလုံး တာဝန်ကျေပွန်ခဲ့သည်ဟု မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ ထိုသို့ဂုဏ်ယူမှတ်တမ်းတင်ရခြင်းမှာလည်း ယခုအခမ်းအနားကျင်းပရာ ကာလတစ်လျှောက်လုံးတွင် တွေ့ကြုံရမှုများအပေါ် အခြေခံ၍ ပြောဆိုနိုင်ခြင်းဖြစ်ပါ၏။

**သက်ဆိုင်ရာကဏ္ဍပေါင်းစုံတွင် ကိုယ်နိုင်ရာကိုယ့်အစွမ်းနဲ့ ဝန်ထမ်းကြည်ညီ ဆိုသည့်အတိုင်း ကဏ္ဍအလိုက် မလစ်ဟာအောင်လုပ်ဆောင်မှုများကြောင့် သွားရေးလာရေး၊ စားရေးသောက်ရေး၊ နေရေးထိုင်ရေး၊ သတင်းရယူရေးတို့တွင် လက်ခံနိုင်လောက်သော အဆင့်အတန်းတစ်ခုအထိ အဆင်ပြေမှုရှိခဲ့ပြီး နိုင်ငံတကာအဆင့်မီစေရန် အာရုံစိုက် ကြိုးပမ်းလုပ်ဆောင်ထားမှုန်းသိသာထင်ရှားနေသည်ဟု မှတ်ချက်ပြုကြပါသည်။**

**ဂုဏ်ယူအပြုံး ပီတိဖုံးလျက် အားလုံးဆောင်ရွက် တိုင်းပြည်တွက်**

Infrastructure တင်မဟုတ်ပါ။ ကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေသော ကြီး၊ ငယ်၊ အလတ် အရပ်ရပ်သော၊ အဆင့်ဆင့်သော နိုင်ငံ့ဝန်ထမ်း၊ စေတနာ့ဝန်ထမ်းတို့၏စွမ်းဆောင်မှုများကိုလည်း အသိအမှတ်ပြုမိကြပါ၏။

အကျွေးအမွေးကတော့ Special ပါပဲဟု မီဒီယာများက ပြောကြသည်။ ဟုတ်ပါသည်။ ပြောလောက်အောင်လည်း ကောင်းလှ၏။ တာဝန်ပေးအပ်မှုကို စေတနာပေါင်းစပ်၍ ဝန်ဆောင်မှုကြောင့် အရသာရှိသောထမင်းတစ်နပ်ဖြစ်သွားခြင်းဟု ပြန်ရှင်းပြတော့ သူတို့သဘောကျကြ၏။ MICC ဝင်းအတွင်းရှိ ဖွင့်လှစ်ထားသော Canteen များမှာ ဈေးချိုပြီး သန့်ရှင်းသပ်ရပ်ကြောင်း ပြောကြပြန်၏။ လိုအပ်သည်များကို အဖိုးသက်သာစွာဖြင့် အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ပေးနေသည့် မိမိတို့ ဝန်ထမ်းငယ်လေးများက အပျော်သဘောဖြင့် We serve your **very needs** with **very cheap** to be **very ease** ဟူ၍ ပြောကြပြန်တော့ သဘောကျစွာဖြင့် ရယ်ရယ်မောမော။

သတင်းမီဒီယာခန်းနှင့် သန့်စင်ခန်း ခရီးလှမ်းမှုကို မှတ်မှတ်ထင်ထင်ပြောကြသော်လည်း လုံခြုံရေးအရနှင့် အဆောက်အအုံ၏မြေအခြေအနေပေါ်မူတည်၍ လုပ်ကိုင်ရမှုကိုရှင်းပြသည့်အခါ ၎င်းတို့ လက်ခံနားလည်ပေးကြပါသည်။ ထို့အပြင် သန့်စင်ခန်းတွင် ဝန်ဆောင်မှုပေးနေသူများ၏ သွားတိုင်းလာတိုင်း နှုတ်ဆက်သော 'မင်္ဂလာပါ' အခါခါနှင့် အချိန်တိုင်းတွင် ဖြစ်ပျက်သည့်အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ စိတ်ရောကိုယ်ပါ ဖြေရှင်းပေးနေသည့် တာဝန်ရှိအဖွဲ့အစည်းအသီးသီးကြောင့် ကြီးမားလှသည့် အခက်အခဲများမဖြစ်ရလေအောင် အောင်မြင်စွာဆောင်ရွက်နိုင်စွမ်းရှိသော မြန်မာအဖြစ် ရှုမြင်နေမှုက မိမိတို့အတွက် ခွန်အားဖြစ်ပါ၏။

သို့သော် မိမိတို့၏ဝန်ဆောင်မှုအရပ်ရပ်မှာ **ချောက်ပြစ်ကင်း သဲလည်းစင်** တော့ မဟုတ်ပါ။ ပထမဆုံးအကြိမ် တာဝန်ထမ်းဆောင်ရမှုကြောင့် အတွေ့အကြုံနည်းမှုအပေါ် အခြေခံ၍ လစ်ဟာမှုများ၊ ချို့ယွင်းမှုများ၊ ပျက်ကွက်နေသေးသည်များလည်း ရှိနေပါသေးသည်။ ယင်းတို့ကိုမူ အဆိုးထဲက အကောင်းအဖြစ် သင်ခန်းစာယူကာ နောင်ဆက်လက်ဆောင်ရွက်ရာတွင် ပြင်ဆင်လုပ်ဆောင်သွားရမည်သာ ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ကျရာတာဝန်ထမ်းဆောင်နေသည့် ကဏ္ဍအသီးသီးမှ မိမိတို့မြန်မာတစ်မျိုးသားလုံး၏ အောင်မြင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လိုစိတ်ကို နိုင်ငံတကာက မှတ်မှတ်ထင်ထင် အသိအမှတ်ပြုခံခဲ့ရသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

**ထိုသို့ နိုင်ငံတကာက အတွေ့အကြုံအားနည်းမှုကြောင့် ဖြစ်ပွားခဲ့ရသည့် ချို့ယွင်းမှု အသေးစားလေးများကို အပြစ်မမြင်ဘဲ ချစ်ခင်စွာ အပြုသဘောဖြင့် ချီးကျူးအသိအမှတ်ပြုခြင်းသည် နိုင်ငံ့အကြီးအကဲ ခေါင်းဆောင်ကတင် ပျူငှာဖော်ရွေမှုမျိုးမဟုတ်ဘဲ ဟိုးအောက်ခြေသန့်ရှင်းရေးဝန်ထမ်းအထိ ဖော်ရွေပျူငှာမှု၊ အတတ်နိုင်ဆုံးသော ကောင်းမွန်သောဝန်ဆောင်ခြင်းကို ပေးမှုတို့က ၎င်းတို့၏ နှလုံးသားဝယ် စီးဝင်သွားခြင်းကြောင့် ဖြစ်မည်ဟု ထင်မြင်မိပါသည်။**

**ပေါင်းစည်းစွမ်းအင်**

ယခုကဲ့သို့ တစ်နိုင်ငံလုံးညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သည့် ပေါင်းစည်းစွမ်းအားမျိုးဖြင့် နိုင်ငံ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါ၏။ ထိုခေတ်ကိုတော့ မိမိတို့မမီလိုက်ပါ။ ကိုယ်တိုင်ကြုံတွေ့ပြီး လတ်တလောစိတ်ထဲ၌ မှတ်မှတ်ရရဖြင့် တွေးတိုင်း ကျေနပ်၊ ကျေနပ်စွာဖြင့် အကြိမ်ကြိမ်အခါခါ ဂုဏ်ယူနေမိသည်ကတော့ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် မြန်မာယူ (၁၉) အသင်း ကမ္ဘာ့ဖလားဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းတို့ပင် ဖြစ်ပါ၏။

ပေါင်းစည်းစွမ်းအင်များသည် ရလဒ်ကောင်းများကို ယူဆောင်ပေးနိုင်စွမ်းရှိပါ၏။

**ရှင်သန်ရှေ့ဆက် မြန်မာတို့၏ မျှော်လင့်ချက်**

**အာဆီယံဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သော မြန်မာနိုင်ငံသည် ယခုကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် ခမ်းနားစွာကျင်းပနိုင်ခဲ့မှုနှင့်အတူ အစည်းအဝေးကာလအတွင်း ဆွေးနွေးခဲ့ကြသည့် ရလဒ်ကောင်းများကို အမိအရ ဆုပ်ကိုင်နိုင်ရေးအတွက် အခြေခံကောင်းများကို ပိုင်ဆိုင်နေပြီဖြစ်ပါသည်။**

အာဆီယံဒေသတွင်းသာမက မိမိမြန်မာနိုင်ငံအတွက်လည်း အခွင့်အလမ်းကောင်းများကို ဖန်တီးနိုင်မှုများလည်း ပြုလုပ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

အဆိုပါအခွင့်အလမ်းများကို နိုင်ငံသားအားလုံး၏ ပေါင်းစည်းစွမ်းအင်ဖြင့် လုပ်ဆောင်ခြင်းအားဖြင့် ရရှိလာသော ရလဒ်ကောင်းများသည် အမျိုးသားအကျိုးစီးပွားတိုးတက်မှုများကို အရှိန်အဟုန်ပြင်းစွာ ဖြစ်ထွန်းပေါ်ပေါက်စေမည်မှာ မြေကြီးလက်ခတ် မလွဲဖြစ်ပါ၏။

သေချာပါသည်။ ယုံကြည်ပါသည်။ ခိုင်ခိုင်မာမာ ယုံကြည်မိသည့်အလျောက် မျှော်လင့်မိပါသည် . . . ။

အမိမြန်မာနိုင်ငံတော်အား ပြည်သူတစ်ရပ်လုံး မျှော်မှန်းတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်စေရန် တိုင်းရင်းသားတို့၏ ရိုင်းပင်းအားတည်းဟူသော၊ ညီနောင်ထုတို့၏ ရည်ဆောင်မှုတည်းဟူသော ပေါင်းစည်းစွမ်းအင်များဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်ကာ တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

# အထိမ်းအမှတ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၆**

ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်ခွဲပေါင်း ၃၀၀ အောင်မြင်စွာဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် ညနေပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာဂေါက်ကလပ်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်ခွဲပေါင်း ၃၀၀ အောင်မြင်စွာဖွင့်လှစ်ပြီးစီးခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘောဇဘဏ်ကုမ္ပဏီများအုပ်စုမှ အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် တည်ဆောက်မည့် ဗုဒ္ဓတက္ကသိုလ်အတွက် ကမ္ဘောဇဘဏ်လီမိတက်မှ ကနဦး မတည်လှူဒါန်းငွေ ကျပ်သိန်း ၃၀၀၀ ကို ကမ္ဘောဇဘဏ်လီမိတက်ကိုယ်စား ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းနှင့် ဒါရိုက်တာ ဒေါ်နန်းမိုးဟွမ်းတို့က ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဆုရဂေါက်သီးအားကစားသမားများအား ဆုများကို အသီးသီးပေးအပ်ပြီး တက်ရောက်လာသော ဧည့်သည်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ်အကြို ပျော်ပွဲရွှင်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၆**

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်မည့် "ကမ္ဘာ့ကလေးများနေ့" အကြို ပျော်ပွဲရွှင်ပွဲ အခမ်းအနားကို မန္တလေးမြို့ မြို့တော်ဥယျာဉ် ကလေးကစားကွင်း၌ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ ကျင်းပခဲ့ရာ ကလေးငယ် ၉၀၀ နှင့် အတူ အုပ်ထိန်းသူ ၁၀၀ တက်ရောက်ခဲ့သည်။ Equality Myanmar (ညီမျှခြင်း-မြန်မာ)မှ ဦးစီးကျင်းပခြင်းဖြစ်ပြီး အဆိုပါပွဲတွင် ခေတ်မီကစားနည်းများအား လက်လှမ်းမမီနိုင်မှုအားနည်းသော၊ အခွင့်အလမ်းနည်းပါးသော အသက်(၁၅)နှစ်အောက် မိဘမဲ့ကလေးငယ်များ၊ ကျူးကျော်ရပ်ကွက်မိသားစုများမှ ကလေးငယ်များ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကလေးငယ်များ၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပလုပ်ငန်းခွင်တွင် ရောက်ရှိနေသောကလေးငယ်များအား ပါဝင်ကစားစေသည်။



၎င်းတို့၏ ဘဝတွင် မမျှော်လင့်ရဲခဲ့သော အခြားကလေးများနှင့်တန်းတူ ခွဲခြားမှုမရှိဘဲ လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားနိုင်ရန်၊ ကလေးတိုင်းရရှိခံစားနိုင်သည့် ကလေးအခွင့်အရေးများကို နားလည်သိရှိလာနိုင်စေရန်၊ ကလေးသူငယ်များအား ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများ ဖြန့်ဝေပေးနိုင်ရန်၊ ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ အခြေအနေများ တိုးတက် ကောင်းမွန်လာစေရန် ရည်ရွယ်ပြီး "ကမ္ဘာ့ ကလေးများနေ့" အခမ်းအနားကို ပျော်ပွဲရွှင်ပွဲပုံစံဖြင့် ကျင်းပခြင်းဖြစ်သည်။

ပျော်ပွဲရွှင်ပွဲသို့ တက်ရောက်လာသော ကလေးငယ်များက Happy Birthday သီချင်းသံပြိုင်သီဆိုကာ မြန်မာနိုင်ငံ၏ အကြီးဆုံးသော ၆ပေ×၁၅ပေ အရွယ်ရှိ ကလေးများနေ့ အထိမ်းအမှတ် ကိတ်မုန့်ကြီးအား ဝေငှကျွေးမွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် ကလေးအဖွဲ့များက တေးသီချင်းများ သီဆိုခြင်း၊ တစ်ခန်းရပ်ပြဇာတ်များ၊ လူငယ်ခြင်းအကအလှပညာရှင်က ခြင်းလုံးအလှ ခတ်ပြခြင်း၊ ကလေးများနေ့ အထိမ်းအမှတ် ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကာ လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး တက်ရောက်လာသည့် ကလေးငယ်များအား ကစားကွင်းမှ တိုက်ကားစီးခြင်း၊ ရဟတ်စီးခြင်းများ အပါအဝင် ကစားနည်းများကို အခမဲ့ ကစားခွင့်ပေးခဲ့သည်။ **(၀၀၂)**

# အကျင့်ပညာအသိကောင်းဖို့

✍ မျိုးဆက်သစ်ရတနာ မှတ်ကြပါကွဲ့
နောင်ကာလရဲ့ ညွန့်ဖူးတွေ၊
✍ အကျင့်ပညာ အသိကောင်းမှ
သားကောင်း သမီးကောင်း ဖြစ်မည်ပေ၊
✍ အကျင့်ပညာ အသိကောင်းဖို့
မိဘဆရာကောင်း မှီဝဲစေ၊
✍ အကျင့်ပညာ အသိကောင်းဖို့
နေရာကောင်းမှာ ရှိကြစေ၊
✍ မိမိစိတ်ကို ကောင်းစွာထိန်းလို့
မတိမ်းစေနဲ့ ခိုင်ကျည်စေ၊
✍ မိမိစိတ်ကို ကောင်းစွာထားတော့
အကျင့်ပညာကောင်း ရမည်ပေ၊
✍ အကျင့်ပညာ ကောင်းစွာရတော့
သားကောင်း သမီးကောင်း ဖြစ်မည်ပေ၊
ကြိုးစားမလေ - - - ကြိုးစားစေ။

သာသနာရေး

# မလှိုင် ကံကြီးရွာ၌ မဟာဗောဓိညောင်ပင်စိုက်

**မလှိုင် နိုဝင်ဘာ ၁၆**

ရဟန်းရှင်လူပြည်သူအများ ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ရည်ရွယ်၍ မလှိုင်မြို့နယ် ကံကြီးရွာ ကံစွယ်ကျောင်းတိုက်အတွင်း၌ ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာမှပင့်ဆောင်လာသည့် မဟာဗောဓိပင်ပျိုတစ်ပင်ကို နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းဇော်နှင့်ဇနီးဦးဆောင်သော ပညာရေးမိသားစုများက စိုက်ပျိုးခဲ့ကြသည်။

မဟာဗောဓိပင်ညောင်ပင်စိုက်ပျိုးသည့် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော သံဃာတော်များကို သက်န်းပရိက္ခရာ၊ လှူဖွယ်ဝတ္ထုအစုစုတို့နှင့် တကွ ရှေးဟောင်းကျောင်းတော်ကြီးပြုပြင်ရန် အလှူငွေများကို ရေစက်သွန်းချ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**








## အင်္ဂလန်အသင်းအတွက် ပွဲ(၁၀၀)ပြည့်ပွဲစဉ်တွင် ရွန်းနီဂိုးသွင်းယူနိုင်ခဲ့

အင်္ဂလန်တိုက်စစ်မှူးရွန်းနီသည်၎င်း၏ အင်္ဂလန်အသင်းအတွက် ပွဲ(၁၀၀) မြောက် ကစားခဲ့သည့်ပွဲစဉ်ဖြစ်သည့် ဆလိုဗေးနီးယားအသင်းနှင့် ယူရို ၂၀၁၆ ဝင်ခွင့်ပွဲစဉ်တွင် ၅၉ မိနစ်အချိန်တွင် သွင်းယူပေးခဲ့သည့် ပင်နယ်တီသွင်းဂိုးကို သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါသွင်းဂိုးနှင့်အတူ အင်္ဂလန်အသင်းဦးဆောင်ဂိုး စတင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အင်္ဂလန်အသင်းသည် ဝဲလ်ဘက်၊ ရွန်းနီ၊ စတာလင်၊ လယ်လာနာ၊ ဟန်ဒါဆန်၊ ဝီရှိုင်းယား၊ ဂစ်၊ ကာဟေးလ် စသည့်ကစားသမားများကို ပွဲထုတ်ခဲ့ပြီး ပွဲကစားချိန် ၆၆ မိနစ်နှင့် ၇၂ မိနစ်တို့တွင် တိုက်စစ်မှူး ဝဲလ်ဘက်က နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်အသင်းက ဆလိုဗေးနီးယားအသင်းအား အနိုင်ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်၌ ပွဲကစားချိန် ၅၇ မိနစ်တွင် အင်္ဂလန်ကွင်းလယ်ကစားသမား ဟန်ဒါဆန်ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့ခြင်းကြောင့်သာ အင်္ဂလန်အသင်းတစ်ဂိုးပေးလိုက်ရခြင်းဖြစ်ပြီး ယင်းပွဲစဉ်တွင် အင်္ဂလန်အသင်းသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အပြင် အင်္ဂလန်အသင်းခေါင်းဆောင် ရွန်းနီအတွက်လည်း ၎င်း၏ အင်္ဂလန်



အသင်းအတွက် ပွဲ(၁၀၀) မြောက်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် မှတ်တမ်းသစ်တစ်ရပ်ရေးထိုးနိုင်ခဲ့သည်။

**(ငွေကြယ်)**

## ဘာကလေမှာ အင်္ဂလန်၏ အကောင်းဆုံးကစားသမား ဖြစ်လာမည်ဟု မာတီနက်ဇ်ဖွင့်ဟ

အသက်(၂၀)အရွယ်ရှိ ကွင်းလယ်ကစားသမား ရို့စ်ဘာကလေသည် ကလပ်အသင်းအတွက်ရော နိုင်ငံလက်ရွေးစင်အသင်းအတွက်ပါ ပုံမှန်ပွဲထွက်ကစားနိုင်ခဲ့ပြီး ဘာကလေ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ စိုးရိမ်စရာမရှိဘဲ ကစားသမားကောင်းတစ်ဦးဟု ထင်မြင်မိကြောင်း အဲဗာတန်အသင်းနည်းပြရောဘတ်တိုမာတီနက်ဇ်က ထုတ်ဖော်ပြောကြားခဲ့သည်။

အဲဗာတန်ကွင်းလယ်ကစားသမား ရို့စ်ဘာကလေသည် ၂၀၁၃ ခုနှစ်က မော်လ်ဒိုဗာအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်မှစတင်ကာ အင်္ဂလန်အသင်းနှင့်အတူ ပွဲထွက်ကစားခဲ့ပြီး အင်္ဂလန်အသင်းအတွက် ကိုးပွဲအထိပါဝင်ကစားပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ပြင် ဘရာဇီးမြေ၌ကစားခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မူ အင်္ဂလန်အသင်းနှင့်အတူ ပွဲတိုင်းတွင် ပါဝင်ကစားပေးနိုင်ခဲ့သူဖြစ်သည်။

အဲဗာတန်ကွင်းလယ်ကစားသမား ရို့စ်ဘာကလေသည် အင်္ဂလန်၏ အကောင်းဆုံးကစားသမားဖြစ်လာမည်ဆိုသည်နှင့်ပတ်သက်၍ သံသယဖြစ်ဖွယ်မရှိကြောင်းလည်း နည်းပြမာတီနက်ဇ်က ပြောကြားခဲ့သည်။ ထို့ကြောင့် ပရီမီယာလိဂ်၏ ထိပ်တန်းအဆင့်ရှိ အသင်းကြီးများဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့ကလည်း ကွင်းလယ်ကစားသမားဘာကလေအား ခေါ်ယူရန်စိတ်ဝင်စားနေကြသည်။ သို့ရာတွင် အဲဗာတန်အသင်းနည်းပြရောဘတ်တိုမာတီနက်ဇ်ကမူ အဆိုပါ ကွင်းလယ်ကစားသမား ဘာကာလေအား ရောင်းချရန် ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **(ငွေကြယ်)**

## ၂၀၁၅ အာရှ ချန်ပီယံလိဂ်ပြိုင်ပွဲ ရတနာပုံအသင်းယှဉ်ပြိုင်ခွင့်ရရှိ

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဒေသတွင်းမှ ကလပ်အသင်းများအတွက် ပြိုင်ပွဲသုံးခု ကျင်းပပေးလျက်ရှိပြီး ပထမအဆင့်ပြိုင်ပွဲအဖြစ် အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ဒုတိယအဆင့်ပြိုင်ပွဲအဖြစ် AFC Cup ပြိုင်ပွဲ၊ တတိယအဆင့်ပြိုင်ပွဲအဖြစ် AFC President Cup ပြိုင်ပွဲတို့ကို ကျင်းပပေးလျက်ရှိသည်။ မြန်မာကလပ်အသင်းများမှာ ၂၀၁၄ ရာသီအထိ AFC Cup ပြိုင်ပွဲကိုသာ ယှဉ်ပြိုင်ခဲ့ရာမှလာမည့် ၂၀၁၅ ရာသီတွင် အာရှချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နေရာကိုရရှိခဲ့ပြီဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့်အသင်းကို ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ၂၀၁၄ ရာသီတွင် MNL အမှတ်ပေးချန်ပီယံဆုရရှိခဲ့သည့် ရတနာပုံအသင်းမှာ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်မှာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ၂၀၀၂ ခုနှစ်မှစ၍ အမည်ပြောင်းလဲကျင်းပခဲ့ပြီး ယခုထက်တိုင်ပင်ဖြစ်သည်။ အာရှချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် အမည်မပြောင်းလဲခင် အာရှကလပ်ချန်ပီယံရှစ်ပြိုင်ပွဲအမည်ဖြင့် ကျင်းပခဲ့စဉ်က မြန်မာအပျော်တမ်းကလပ် ဘဏ္ဍာ/အခွန်မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသည်။ ဘဏ္ဍာ/အခွန်အသင်းမှာ ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ် နှစ်ကြိမ်ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ထိုစဉ်က တောင်ကိုရီးယားထိပ်သီးကလပ် ပိုဟန်စတီးလာစ်အသင်း၊ တရုတ်ကလပ် ဒါလီယန်ဝမ်ဒါး၊ ဂျပန်ကလပ် ဂျူဘီလိုအီဝါတာအသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရပြီး ၁၉၉၇ ပြိုင်ပွဲတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အထိ တက်ရောက်နိုင်ခဲ့သည်။

ရတနာပုံအသင်းသည် ၂၀၁၄ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုကို တစ်ကျော့ပြန်ရယူနိုင်ခဲ့သည့် အသင်းဖြစ်ပြီး MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆု သုံးကြိမ်အထိရယူထားနိုင်သည်။ ရတနာပုံအသင်းမှာ ပြည်တွင်း၌ ချန်ပီယံဆုများစွာရရှိထားသလို နိုင်ငံတကာပြိုင်ပွဲ အောင်မြင်မှုအဖြစ် ၂၀၁၀ AFC President's Cup ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည်။ ရတနာပုံအသင်းမှာ ၂၀၁၅ အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို Play-off အဆင့်မှစတင်ကစားရမည်ဖြစ်ပြီး အနိုင်ရရှိပါက နောက်ဆုံးအဆင့်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သလို ရှုံးနိမ့်ခဲ့ပါက မူလယှဉ်ပြိုင်ရမည့် AFC Cup ပြိုင်ပွဲကိုသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရတနာပုံအသင်းအာရှချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရခဲ့ပါက MNL အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် ရန်ကုန်အသင်းမှာ ရှုံး/ထွက်ချန်ပီယံ ဧရာဝတီအသင်းနှင့်အတူ AFC Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

**ရှိုင်းထက်ဖော်**

## ရှာရယ်လ်အားခေါ်ယူရန် လီဗာပူးနှင့်စပါး အပြိုင်စောင့်ကြည့်နေ

အင်္ဂလန်ပရီမီယားလိဂ်ကလပ်အသင်းများဖြစ်ကြသည့် လီဗာပူးနှင့်စပါးအသင်းတို့သည် လာမည့်ဇန်နဝါရီကာလအတွင်း ချယ်လ်ဆီးအသင်း၏ ဂျာမနီလက်ရွေးစင်တိုက်စစ်မှူး အန်ဒရေရှာရယ်လ်အားခေါ်ယူရန် အပြိုင်စောင့်ကြည့်နေကြောင်းသိရသည်။

ရှာရယ်လ်မှာ ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလကလည်း အက်သလက်တီကိုအသင်းသို့ပြောင်းရွှေ့ရန် သတင်းထွက်ပေါ်ခဲ့ဖူးပြီး ချယ်လ်ဆီးအသင်း၏ပယ်ချမှုကြောင့် အသင်းတွင်ဆက်လက်ရှိနေခြင်းဖြစ်သည်။ လီဗာပူးအသင်းနှင့်စပါးအသင်းတို့မှာ ရှာရယ်လ်အား ပေါင်သန်း ၃၀ခန့်ဖြင့်ခေါ်ယူရန် အသင့်ရှိနေပြီးမကြာမီရက်ပိုင်းအတွင်း ချယ်လ်ဆီးအသင်းထံ တရားဝင်ကမ်းလှမ်းသွားဖွယ်ရှိကြောင်း goal.com ကဖော်ပြခဲ့သည်။ ရှာရယ်လ်မှာ ၂၀၁၃ခုနှစ်က လေဗာကူဆင်မှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ၃၈ပွဲ ပါဝင်ကစားကာ ၁၀ ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်ကြောင်းသိရသည်။


**(ကိုရဲ)**








### လူပျောက်ကြော်ငြာ




ဓာတ်ပုံရှင် ဦးစိုးမြင့်၊ အသက်(၇၄)နှစ်၊ အရပ် ၅ ပေ ၂လက်မခန့်၊ အသားညို၊ ပိန်ပိန်၊ အာရုံကြော ထိခိုက်ထားသဖြင့် အမည်နှင့် နေရပ်လိပ်စာ အတိအကျမပြောနိုင်သူသည် ၁၁-၁၁-၂၀၁၄ရက်၊ ညနေ ၆ နာရီတွင် အိမ်မှ လမ်းလျှောက်ထွက်သွားရာ ပြန်မလာပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဆက်သွယ်ရန်လိပ်စာ- ၂၈၊ ရတနာသိင်္ခလမ်း၊ မုန့်လုပ်ဆောင်းကုန်း (မြောက်)ရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၂၅၄၀၄၄၈၇၈၊ ၀၁-၅၀၅၀၉၂၊ ၀၉-၇၉၉၁၇၄၁၈၀









# သတိပေးနှိုးဆော်ချက်

၁။ အများပြည်သူများခရီးသွားလာရေးအတွက် အသုံးပြုလျက်ရှိသော လမ်းများပေါ်တွင် မော်တော်ယာဉ်များအား စည်းကမ်းမဲ့မောင်းနှင်နေမှုများကြောင့် လမ်းအသုံးပြုသူ ပြည်သူများ၏ အသက်အန္တရာယ်ကို ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိပါသည်။

၂။ အများပြည်သူခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးနှင့် ခရီးသွားလာမှုလုံခြုံစေရေးတို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သည့် ယာဉ်မောင်းများအား အရေးယူဆောင်ရွက်လျက်ရှိသော်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှု အားနည်းလျက်ရှိကြပါသည်။

၃။ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၁ အား ဖောက်ဖျက်ကျူးလွန်ပါက တစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးရာမှ အများဆုံး ကျပ်တစ်ထောင့်ငါးရာထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၄။ လမ်းအသုံးပြုသူတို့၏ အသက်အန္တရာယ်ဖြစ်စေနိုင်သော မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၁ နှင့် ငြိစွန်းသည့် အောက်ဖော်ပြပါ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများအားတွေ့ရှိရပါက အဆိုပါယာဉ်မောင်းအား မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၆(၁) အရ ဖမ်းဆီးအရေးယူ၍ မော်တော်ယာဉ်အား မော်တော်ယာဉ်ဥပဒေ ပုဒ်မ ၂၆(၃)နှင့်အညီ သိမ်းဆည်းသွားမည်ဖြစ်ပါသည်။ ယင်းသို့စည်းကမ်းချိုးဖောက်သည့် ယာဉ်မောင်းအား သက်ဆိုင်ရာမြို့နယ်ရဲစခန်းများတွင် မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၁ အရ အမှုဖွင့်၍ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မှတ်ပုံတင်ထားခြင်းမရှိသောယာဉ်အား အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း။

(ခ) နှစ်လမ်းမောင်းလမ်းတွင် မဆင်မခြင် ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း။

(ဂ) အရက်သေစာ(သို့) မူးယစ်စေတတ်သော ဆေးဝါးသောက်စားမောင်းနှင်ခြင်း။

(ဃ) ယာဉ်မောင်းလိုင်စင်မရှိဘဲ ယာဉ်မောင်းနှင်ခြင်း(လိုင်စင်ပိတ်သိမ်းခြင်းခံရသော အမှုများပါဝင်သည်။)

(င) မီးနီအချက်ပြမှုအား တမင်သိလျက်နှင့် အခြားယာဉ်များအား အန္တရာယ်ဖြစ်စေအောင် မောင်းနှင်ခြင်း။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ယာဉ်တစ်စီးနှင့်တစ်စီး ကျော်တက်မောင်းနှင်ရာမှ လေးခွဖြင့်ပစ်ခတ်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၆**

နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းတွင် ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၈၄/၀)အနီး၌ ယာဉ်တစ်စီး လေးခွနှင့်ပစ်ခတ်ခံရကြောင်း သတင်းအရ မြို့ချောင်းအမြန်လမ်းရဲစခန်းမှ စခန်းမှူးရဲအုပ်ဌေးအောင်နှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ချမ်းလင်းနောင် မောင်းနှင်လာသော ၆ဃ/----GI Group မှန်လုံယာဉ်မှာ မိုင်တိုင်(၈၆/၅)အနီးအရောက် နံပါတ်မမှတ်မိ ALPHARD အဖြူရောင်ယာဉ်တစ်စီး ကျော်တက်သွားပြီး မိုင်တိုင်အမှတ်(၈၄/၀)အနီးအရောက်၌ လမ်းယာဘက်စပ်၌ရပ်၍ ယာဉ်ပေါ်မှ လူတစ်ဦးက လေးခွဖြင့်ပစ်ခတ်သဖြင့် ယာဉ်၏ယာဘက်ခြမ်း ထိုင်ခုံအမှတ်(၃)၏ အထက်မှန်အားထိမှန်ကာ မှန်ကွဲအက်သွားခဲ့ပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း၊ ဆက်လက်၍ GI Group မှန်လုံယာဉ်သည် လမ်းဘေးသို့ချပြီး အရှိန်လျှော့၍ မောင်းနှင်စဉ် ALPHARD ယာဉ်မှ မှန်လုံယာဉ်အား ထပ်မံကျော်တက်ပြီး လေးခွဖြင့် ဒုတိယအကြိမ် ထပ်မံပစ်ခတ်သဖြင့် GI Group ယာဉ်မောင်း၏ ဝဲဘက်ခြမ်း တံခါးမှန် ထိမှန်ပေါက်ထွက်ပြီး ALPHARD ယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ လေးခွနှင့်ပစ်ခတ်မှုကြောင့် GI Group မှန်လုံယာဉ်၏ ဝဲ/ယာဘေးမှန် နှစ်ချပ်ကွဲအက်သွားခဲ့ပြီး တန်ဖိုးငွေကျပ် ၁၀ သိန်းခန့်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြစ်မှုကျူးလွန်သူအား အရေးယူပေးပါရန် ယာဉ်မောင်း ချမ်းလင်းနောင်က တိုင်တန်းသဖြင့် မြို့ချောင်းအမြန်လမ်းရဲစခန်းက (ပ)၁၄/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၇၉-က/၄၄၀ ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိသည်။

ဖြစ်စဉ်အားစိစစ်ရာ ALPHARD ယာဉ်နှင့် GI Group ယာဉ်တို့မှာ တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင်ကျော်တက်စဉ် ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ နားလည်မှုရှိခြင်း စသည့် အသိတရားများဖြင့် အန္တရာယ်ကင်းစွာ မောင်းနှင်ရမည် ဖြစ်သော်လည်း လတ်တလောဖြစ်ပေါ်လာသော အခြေအနေကို ထိန်းချုပ်နိုင်မှုမရှိခြင်းကြောင့် ပြစ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရ၍ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် အမြန်လမ်းမကြီးတစ်လျှောက် ဖြတ်သန်းသွားလာသော ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိစေရန် ယာဉ်တစ်စီးနှင့် တစ်စီး၊ ယာဉ်မောင်းတစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်မှု၊ နားလည်မှုတို့ဖြင့် စနစ်တကျမောင်းနှင်နိုင်ရေးအသိပညာပေးခြင်းများနှင့် အမြန်လမ်းမကြီး၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယာဉ်မောင်းများအနေဖြင့် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ အထူးလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ဘိန်းစိမ်း၊ ဘိန်းညို့ခဲ၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုဝင်ဘာ ၈ ရက်က မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် ခိုဝိန်းကျေးရွာ ရော်ဘာခြံအတွင်းတွင် တွေ့ရှိသူ လျှိုစီအား ရှာဖွေရာ ၎င်းကိုင်ဆောင်ထားသည့် အိတ်အတွင်းမှ ဆပ်ပြာခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ အလေးချိန် ၂၉ ဂရမ်နှင့် ကော်ဘူးဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၆၅ ပြား သိမ်းဆည်းရမိသဖြင့် လျှိုစီ(၄၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာနေ စိုင်းမန်ခမ်း၏နေအိမ်ကို သတင်းအရရှာဖွေရာ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းမှ ဘိန်းစိမ်း ၁၀၀ ဂရမ်၊ ဘိန်းညို့ခဲ ၆၅၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကို သိမ်းဆည်းရမိသဖြင့် စိုင်းမန်ခမ်း(၄၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



**စိုင်းမန်ခမ်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**




















## မြေကွက်ကျယ်ရောင်းရန်ရှိသည်

မြောက်ဥက္ကလာ၊ရွှေပေါက်ကံ၊ VIP၊ ပေ(၈၀×၆၀)မြေကွက် [ဆောက်လုပ်ဆဲ ဒဂုံမြောက်-ရွှေပေါက်ကံ-မင်္ဂလာဒုံ (၄)လမ်းသွားတံတားကြီးအနီး] အား ပိုင်ရှင်ကိုယ်တိုင် ရောင်းရန်ရှိပါသည်။ ဆက်သွယ်ရန်ဖုန်း-
၀၉-၇၉၈၃၉၀၅၀၇၊
၀၉-၃၆၃၃၃၁၁၁

## မန္တလေးမြို့တွင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် ယာဉ်မတော်တဆမှုလျော့နည်းစေရေး အသိပေး

**မန္တလေး၊ နိုဝင်ဘာ ၁၆**

မန္တလေးမြို့တွင် ယာဉ်သုံးစွဲမှုများပြားလာရာ ယာဉ်ကြောများပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရေးအတွက် ယာဉ်အသုံးပြုသူများကို နံနက် ၈ နာရီမှ ၉ နာရီခွဲ၊ ညနေ ၄ နာရီမှ ၅ နာရီခွဲအထိ လမ်းမကြီးများပေါ်တွင် ကားများရပ်နားခြင်း မပြုရန် မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက အသိပေးထားသည်။

ယင်းအပြင် ဆိုင်ကယ်နှင့် မော်တော်ကားများ လမ်းမတွင် ယာဉ်နှစ်ထပ်ရပ်မထားရန်၊ ဆိုင်ကယ်များ လမ်း၏ညာအစွန်ဘက်မှ အသုံးပြုရန်၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်နှစ်စီးပြိုင်မမောင်းရန်၊ ဆိုင်ကယ်စီးလျှင် နှစ်ဦးထက်ပိုမစီးရန်၊ လမ်းဆုံမီးပွိုင့်ဧရိယာတွင် ယာဉ်မရပ်ရန်၊ မီးပွိုင့်အဝင်တွင် အရှိန်လျှော့၍ သတိဖြင့်မောင်းနှင်ရန်နှင့် မီးနီဖြတ်၍ လုမမောင်းရန်၊ လမ်းပြောင်းပြန်မမောင်းရန်၊ ကား၊ ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးပြုပြောဆိုခြင်း မပြုရန် မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက အသိပေးထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မြေအစိုဓာတ်မကုန်ခင် မတ်ပဲများစိုက်ပျိုးရန် လယ်သမားကြီးများ စတင်ပြင်ဆင်

**မြန်အောင်၊ နိုဝင်ဘာ ၁၆**

မိုးစပါးရိတ်သိမ်းပြီးနောက် မြေအစိုဓာတ်မကုန်ခင် ဆောင်းသီးနှံဖြစ်သော မတ်ပဲများ ထွန်ယက်စိုက်ပျိုးခြင်းကို မြန်အောင်မြို့နယ်ရှိ သက်ငယ်စပါးများ စိုက်ပျိုးထားသော တောင်သူလယ်သမားကြီးများက အချိန်မီစိုက်ပျိုးရန် ပြင်ဆင်နေကြကြောင်းသိရသည်။



"အရင်ကဆိုရင် ဧရာမင်းစပါး ရိတ်ပြီးချိန်လောက်အထိ မြေအစိုဓာတ်က ရှိသေးတယ်။ ခုတော့ မြေအစိုဓာတ်ကဧရာမင်းရိတ်ပြီးချိန်အထိ မရှိတော့လို့ သက်ငယ်စပါးတွေစိုက်တဲ့ ကွင်းတွေပဲ မီတော့တယ်" ဟု ကွင်းကြီးဒေါင့်အုပ်စု ပေကုန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ထန်းသုံးပင်ကျေးရွာနေ တောင်သူတစ်ဦးကလည်း "မတ်ပဲကစိုက်ရတာ လွယ်တယ်၊ အစိုဓာတ်များများ ကျန်သေးတဲ့ လယ်ကွက်တွေဆိုရင် ကောက်ရိတ်ပြီးတာနဲ့ မတ်ပဲကိုကြဲလိုက်ရုံပဲ၊ ပြီးမှ ရိုးပြတ်တွေကို ခုတ်ပြီး ဓားတွေ၊ မြက်ရိတ်စက်အသေးတွေနဲ့လိုက်ဖုံး လိုက်တယ်။ ဒါကို ကျွန်တော်တို့က ခုတ်ဖုံးလို့ခေါ်တယ်" ဟုပြောသည်။

တချို့တောင်သူများမှာ မြေအစိုဓာတ်နည်းနေသဖြင့် ပုံမှန်စိုက်ပျိုးနည်းဖြစ်သော လက်တွန်းထွန်စက်ဖြင့် အပေါ်ယံကို ထွန်ယက်ပြီး မတ်ပဲကိုကြဲပက်ရကြောင်း၊ ပြီးလျှင် နောက်တစ်ကြိမ် ထွန်စက်နက်နက်မောင်းပြီးပါက မတ်ပဲစိုက်ပျိုးခြင်း ပြီးမြောက်ကြောင်း၊ တစ်ဧကစိုက် (ဒသမ ၂၀ ဧကေ) ကိုမတ်ပဲ နှစ်ပြည်၊ သို့မဟုတ် နှစ်ပြည်ခွဲကြဲပက်ပါက ရက်ပေါင်း ၉၀ ကျော်ကြာလျှင် မတ်ပဲနှစ်တင်းခွဲမှ သုံးတင်းအထိရကြောင်း၊ ယခု မျိုးမတ်ပဲဈေးမှာ ၂၄၀၀၀ မှ ၃၀၀၀၀ အထိ ဈေးရှိကြောင်း မတ်ပဲစိုက်တောင်သူများက ပြောသည်။

မတ်ပဲစိုက်ပျိုးသောကာလမှာ ကောက်စောစပါးများရိတ်သိမ်းပြီး သီတင်းကျွတ်လမှ နတ်တော်လပြည့်နေ့အတွင်း စိုက်ပျိုးရကြောင်း၊ ယခုနှစ်တွင် မြေအစိုဓာတ် နည်းနေရာ မြန်အောင်ဒေသတွင် တန်ဆောင်မုန်းလပြည့်ရက်အတွင်း မိုးရွာလိုက်သဖြင့် မတ်ပဲစိုက်ပျိုးမှုအတွက် အဆင်ပြေသွားကြောင်း၊ ယင်းမိုး မရွာပါက မတ်ပဲစိုက်ပျိုးရန် မဖြစ်နိုင်တော့သဖြင့် မိုးကိုပင် ကျေးဇူးတင်ရမည်ဖြစ်ကြောင်း မြန်အောင်မြို့နယ်အတွင်းရှိ မတ်ပဲစိုက်တောင်သူလယ်သမားများက ပြောသည်။

**နေဝင်းဇော်(မြန်အောင်)**

## ဟိတပုည ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း တစ်နှစ်ပြည့် အထိမ်းအမှတ်ပွဲ ကနီမြို့နယ်တွင်ကျင်းပ

**ကနီ၊ နိုဝင်ဘာ ၁၆**

ကနီမြို့နယ်တွင် ကျန်းမာရေးနှင့် လူမှုကူညီရေးပရဟိတလုပ်ငန်းများကို လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေး ကူညီစောင့်ရှောက်ပေးလျက်ရှိသည့် ဟိတပုည ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း၏ ကူညီမှု တစ်နှစ်ပြည့်အထိမ်းအမှတ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့ ဓမ္မစကြာဘုရားနှင့် ဓမ္မပါလသာသနာ့ဗိမာန်တော်ကြီးအတွင်းတွင် နိုဝင်ဘာ ၁၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဦးကောသလ္လက ငါးပါးသီလနှင့် ဩဝါဒအမှာစကားချီးမြှင့်ပေးပြီး ကနီမြို့နယ်အသင်း(မုံရွာ) အမှုဆောင် ဦးလှမြင့်က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ဟိတပုည ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း၏ တစ်နှစ်ပြည့် အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲတွင်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့သည်။

အထိမ်းအမှတ်ပွဲသို့ တက်ရောက်လာကြသော လူမှုကူညီရေးအသင်းများနှင့် အလှူငွေထည့်ဝင်ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများပြန်လည်ပေးအပ်ခဲ့ပြီး ဟိတပုည ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်တိုးထွန်းက အသင်းတစ်နှစ်ပြည့် အထိမ်းအမှတ်ပွဲတွင် အဘက်ဘက်မှကူညီဆောင်ရွက်ခဲ့ကြသော အသင်းအမှုဆောင်များနှင့် အသင်းသားများအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**သန်းဌွေးအောင်(ကနီ)**

## မိတ္ထီလာတွင် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(တောင်သူ) သင်တန်း(၂/၂၀၁၄) ဖွင့်လှစ်

**မိတ္ထီလာ၊ နိုဝင်ဘာ ၁၆**

မိတ္ထီလာတွင် ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု (တောင်သူ) သင်တန်း (၂/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန မိတ္ထီလာစက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံကိန်း) ဦးအေးမင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်းသိရသည်။

ရိတ်သိမ်းခြွေလှေ့ စက်မောင်းနှင်ထိန်းသိမ်းမှု (တောင်သူ) သင်တန်း ၂/၂၀၁၄ ဖွင့်ပွဲအခမ်းအနားသို့ ယင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးနှင့် တာဝန်ရှိသူများ ၊ နေပြည်တော်ကောင်စီနယ်မြေမှ သင်တန်းသား ၂၀ အပါအဝင် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း၊ တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး စသည့် တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ သင်တန်းသားစုစုပေါင်း ၁၂၀ တို့ တက်ရောက်ခဲ့ကြသည်။

သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့ပြီး သင်တန်းတွင် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးအကြောင်းကို စာတွေ့လက်တွေ့ သင်ခန်းစာများဖြင့် စနစ်တကျကျွမ်းကျင်တတ်မြောက်အောင် အခြေခံကျကျ သင်ကြားပို့ချပေးသွားခဲ့သည်။

နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းရေး လုပ်ငန်းများကို စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနသည် စက်မှုလယ်ယာလုပ်ငန်းများတွင်မဖြစ်မနေလိုအပ်လျက်ရှိသည့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများအား ကျွမ်းကျင်စွာ ထိန်းသိမ်းကိုင်တွယ် မောင်းနှင်နိုင်မည့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

မိတ္ထီလာစက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်း မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ စတင်၍ ယနေ့အထိ တောင်သူသင်တန်းသား ၁၄၃၆ ဦးအား လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကာ ယင်းတို့အနေဖြင့် လယ်ယာလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**





**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးမျိုးညီညီ [၁၂/ကမရ(နိုင်)၀၄၁၉၃၈]၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း- ၀၉-၅၀၉၉၃၁၃


**အထက (ပန်းစုံ) ပျော်ဘွယ် အကြိမ်(၂၀)ပြည့်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်ကွက်တွင် တည်ရှိသော အထက (ပန်းစုံ)ကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသူ/ကျောင်းသားများမှ ဦးစီးပြီး အကြိမ်(၂၀)ပြည့်မြောက် အာစရိယပူဇော်ပွဲအား ၄-၁-၂၀၁၅ (လွတ်လပ်ရေးနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ဆရာကြီး (၁၅)ဦး၊ ဆရာမကြီး (၂၂)ဦး စုစုပေါင်း (၃၇)ဦးတို့အား ပူဇော် ကန်တော့မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက် ပူဇော်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဦးရန်မျိုးဝင်း | နေပြည်တော် | ၀၉-၄၉၂၀၄၄၀၆ |
| (ခ) | ဦးညွန့်ဝင်းအောင် | နေပြည်တော် | ၀၉-၄၉၂၀၉၀၇၆ |
| (ဂ) | ဦးကျော်ဆင့် | နေပြည်တော် | ၀၉-၄၃၀၁၈၉၂၀ |
| (ဃ) | ဦးခင်မောင်ဝင်း | ရန်ကုန် | ၀၉-၇၃၁၈၈၀၆၃ |
| (င) | ဦးမြင့်ဝင်း | ရန်ကုန် | ၀၉-၅၀၂၉၇၅၁ |
| (စ) | ဦးထွန်းဇော်မြင့် | မန္တလေး | ၀၉-၅၁၈၇၁၀၅ |
| (ဆ) | ဦးတင်ဝင်း | ပျော်ဘွယ် | ၀၉- ၄၇၁၂၇၀၁၁ |
| (ဇ) | ဒေါက်တာဝင်းမောင် | ပျော်ဘွယ် | ၀၉- ၅၁၆၃၈၀၉ |
| (ဈ) | ဦးတင်ကိုကို | ပျော်ဘွယ် | ၀၉-၂၂၂၈၂၂၅ |
| (ည) | ဦးကောင်းကြည်ဖြူ | ပျော်ဘွယ် | ၀၉-၄၀၀၅၀၁၃၃၆ |
| (ဋ) | ဒေါ်ခင်ဆွေဝင်း | ပျော်ဘွယ် | ၀၉-၄၀၂၆၇၄၈၅၄ |
| (ဌ) | ဒေါ်စုစန္ဒီအေး | ပျော်ဘွယ် | ၀၉-၄၀၂၅၁၁၇၅၆ |

ဖြစ်မြောက်ရေးကော်မတီ
ပျော်ဘွယ်မြို့။



**ဖခင်အမည်မှန်**
မအူပင်မြို့၊ အထက(၃) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မဆုဝေနှင်း၏ ဖခင်အမည်မှန်မှာ ဦးညိမ်းထွန်း[၁၄/ပတန(နိုင်)၀၇၆၂၃၉] ဖြစ်ပါကြောင်း။
ဦးညိမ်းထွန်း

**စက်မှုဇုန် အမြန်ဝယ်လိုသည်**
မင်္ဂလာဒုံစက်မှုဇုန်(ဇေကမ္ဘာ) (သို့) ရွှေပြည်သာ စက်မှုဇုန်ရှိ (၂)ဧကေ မြေကွက်တစ်ကွက် အမြန်ဝယ်လိုသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၇၉၈၁၄၄၃၀၁၊ ၇၉၈၁၄၄၃၀၂၊
၇၉၈၁၄၄၃၀၃

သတင်းဆောင်းပါး

# လယ်ယာကဏ္ဍဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် ရိတ်သိမ်းခြွေလှေ့စက်များ ရေစကြိုမြို့နယ်တွင် အသုံးပြုမှုအဆင်ပြေ

**ရေစကြို၊ နိုဝင်ဘာ ၁၆**

လယ်ယာလုပ်ငန်းခွင်၏ သဘောသဘာဝအရ စပါးများရင့်မှည့်ပြီဆိုလျှင် အချိန်မီ ရိတ်သိမ်းကြရသည်။ စပါးများ ရိတ်သိမ်းရာ၌ တစ်ဧကတွင် လူဆယ့်လေးငါးယောက်ဖြင့် ရိတ်ကြရသည်။ ရိတ်ပြီး စပါးများကို ကောက်လှိုင်းစည်းကြရသည်။ ကောက်လှိုင်းစည်းပြီးစပါးများကို တလင်းထဲရောက်ရန် သယ်ယူရပြန်သည်။ ထိုအခါ ကောက်ရိတ်ခ၊ ကောက်လှိုင်းစည်းခ၊ ကောက်လှိုင်းသယ်ခ စရိတ်များသည် ယခုအခါ တစ်ဧကလျှင် ကျပ်လေးသောင်း၊ ငါးသောင်း ကုန်ကျကြောင်း သိရသည်။

စပါးနယ်ရန် တလင်းပြင်ရသည်ကလည်း မလွယ်၊ ပထမမြေကို ညီအောင် ညှိ၊ နွားချေးများကို ရေနှင့်ဖျော် ညှိထားသည်မြေပေါ်တွင် ခပ်ပါးပါး ဂျုတ်နှင့်ဆွဲ၍ ခြောက်အောင်ထားရသည်။ သို့မှသာ ခြွေထားသည့်စပါးများ မလေမလွင့် သိမ်းဆည်းနိုင်မည်ဖြစ်သည်။ ခြောက်သွေ့ပြီး တလင်းထက်တွင် ကောက်လှိုင်းစည်းများကို စက်ဝိုင်းပုံ စနစ်တကျစီထပ်ပြီး နွားနှစ်ကောင်သုံးကောင်နှင့် တစ်ပတ်ပြီး တစ်ပတ် အကြိမ်ကြိမ်နယ်ရသည်။ ယင်းနောက် ကောက်ဆွနှင့်ဆွ၍ အထက်အောက်လှန်ပေးပြီး တစ်ရက်ပြီးတစ်ရက် သုံးလေးရက်ခန့် နယ်ရသည်။ ပြီးလျှင် ကောက်ဆွနှင့် ကောက်ရိုးများကိုဖယ်၍ နွားစာအဖြစ် သိမ်းဆည်းရသည်။ ခြွေထားသည့် စပါးများကို လှေ့၍ ခြောက်အောင်နေလှန်းပြီး ကျီခန်း၊ သို့မဟုတ် ပုတ်များတွင် ထည့်၍ သိုလှောင်ရသည်။

ဤသို့အားဖြင့် စပါးများ ရင့်မှည့်၍ ရိတ်သိမ်းချိန်များတွင် သမားရိုးကျ လုပ်ကိုင်ကြရသည့်အခါ လုပ်ငန်းအဆင့်များသကဲ့သို့ လုပ်ငန်းလည်း ကြန့်ကြာ၊ အလုပ်သမားခေါ်မရသည်ကလည်း ပြဿနာ၊ သည်ကြားထဲ ရိတ်ပြီးစပါးများ ကောက်လှိုင်းစည်း၍ မပြီးသေးမီနှင့် တလင်းအတွင်း မသယ်ရသေးမီ မိုးမိပါက စပါးများ ပျက်စီးဆုံးရှုံးရသည်များနှင့်လည်း ကြုံကြရပြန်သည်။ ယင်းအပြင် လယ်ယာလုပ်သား ရှားပါးမှုကြောင့် အချိန်မီ မရိတ်သိမ်းနိုင်သည့်အခါ စပါးများ ကျွမ်း၍ အလေအလွင့်များသကဲ့သို့ ရာသီအမီက နောက်တစ်သီးစိုက်ဖို့ အရေးကလည်း နှောင့်နှေးကြရပြန်သည်။

ယင်းသို့သော အခက်အခဲအမျိုးမျိုးနှင့် အလေအလွင့် အပျက်အစီးများကြောင့် ယခုအခါ ရေစကြိုမြို့နယ်တွင် လယ်ယာကဏ္ဍတစ်ခေတ်ဆန်းရန် စပါးရိတ်သိမ်းခြွေလှေ့စက်ကို ထူထောင်၍ စက်ကိရိယာအသုံးပြုရိတ်သိမ်းမှုများကို စတင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့နယ် ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ တောင်သူများနှင့် အကျိုးတူပူးပေါင်း၍ ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါးစံပြ ဧက ၅၀ စိုက်ကွင်းတွင်စံကွက်ရိတ်ပွဲပြုလုပ်ရာ ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်စိန်၊ ပခုက္ကူခရိုင်မြေစာရင်းဦးစီးဌာန၊ ဦးစီးမှူး ဦးအေးယောက်ဆွမ်းမန်း၊ ခရိုင်ရေအရင်းအမြစ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံရေးပါတီများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အနီးဝန်းကျင်မှ တောင်သူများ တက်ရောက်လေ့လာခဲ့ကြသည်။

စံပြဧက ၅၀ ကွင်းအမှတ် ၉၉၊ ဦးပိုင်အမှတ် ၃၆၄ တောင်သူဦးအောင်သင်း၏ လယ်မြေနှစ်ဧကတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းရာ နာရီပိုင်းအတွင်းမှာပင် ရိတ်သိမ်းခြွေလှေ့အိတ်သွတ်ပြီး စပါးများရရှိသည့်အတွက် တလင်းလည်းပျောက်၊ အချိန်မီ အမိုးအကာအောက်လည်း ရောက်သည့်အပြင် ရိတ်သိမ်းခြွေလှေ့စက်အကျိုးကြောင့် ရာသီအမီ နောက်တစ်သီး စိုက်ပျိုးရေးအထောက်အကူရသည့်အတွက် ဒေသခံတောင်သူများမှာ သဘောကျလျက်ရှိပြီး ရိတ်သိမ်းခြွေလှေ့စက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန် စိတ်ဝင်စားလျက်ရှိကြသည့်အတွက် များမကြာမီ ကာလတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရောက်ရှိလာတော့မည်ဖြစ်သည်။

ယခုနှစ်တွင် ရေစကြိုမြို့နယ်အတွင်း၌ ရိတ်သိမ်းခြွေလှေ့စက် သုံးစီးရှိနေပြီဖြစ်ကြောင်းနှင့် တောင်သူဦးအောင်သင်း၏ မိုးစပါးပုလဲသွယ်စံကွက် ရိတ်သိမ်းရာတွင် တစ်ဧကစပါးအခြောက် ၁၉၇ ဒသမ ၅၀ တင်းထွက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များကို ဖြန့်ဝေ၍ သိပ္ပံနည်းကျ စိုက်ပျိုးရေး (GAP) စနစ် နည်းပညာများကိုလည်း လက်တွေ့ပြသခဲ့ရာ တောင်သူများကလည်း ကြိုးစားစိုက်ပျိုးကြသည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုနှင့်အတူ ဒေသဝမ်းစာဖူလုံမှုမှသည် နိုင်ငံရိက္ခာဖွံ့ဖြိုးမှုကိုပါ အထောက်အကူပြုနိုင်တော့မည်ဖြစ်သည်။

**ဖေထွေးဇော် (ရေစကြို)**

# (၉၄)နှစ်မြောက် အမျိုးသားနေ့အကြိုဟောပြောပွဲနှင့် မြေစိုက်နံရံကပ်စာစောင်ပြပွဲ တောင်တွင်းကြီးမြို့နယ်တွင် ကျင်းပ

**တောင်တွင်းကြီး၊ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ (၉၄)နှစ်မြောက် အမျိုးသားနေ့ အကြိုဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက်က ညောင်ဝန်းကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်နှင်းဆီက အမျိုးသားနေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက (၉၄) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် နံရံကပ်စောင်များကို စိတ်ဝင်စားစွာ



လေ့လာကြည့်ရှုခဲ့ကြသည်။

အလားသူ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှေ့ရှိ မြေစိုက်နံရံကပ်ဘုတ်တွင် ပြသထားသည့် အမျိုးသားနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များ၊ မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသားနေ့အကြောင်း သိကောင်းစရာ အဖြာဖြာတို့ကို ပြသထားရာ နိုဝင်ဘာ ၁၄ ရက်က မြို့မ အခြေခံပညာ အလယ်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း**

# မိုင်းဆတ်ကျောင်းများ၌ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**မိုင်းဆတ်၊ နိုဝင်ဘာ ၁၆**

နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက မိုင်းဆတ်ခရိုင် ကာနကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၌ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ ရရှိစေရန်နှင့် စာဖတ်သည့် အလေ့အထများ ရရှိစေရန် ရည်ရွယ်၍ မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာများနှင့် ကျောင်းများသို့ လစဉ်ကွင်းဆင်း၍ နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများနှင့် ဓာတ်ပုံနှင့်နံရံကပ်စာစောင်ပြပွဲများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းကြည်အေးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနေ့ကပြုလုပ်သော စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ဒို့ကျေးရွာဂျာနယ်အတွဲ(၁၁)၊ အမှတ်(၂၀)ပါ 'လက်ကိုင်ဖုန်းအသုံးပြုမှု သတိပြုစေချင်' ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ကျောင်းသား၊ကျောင်းသူ ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဆက်လက်ပြီး ပြိုင်ပွဲတွင်ပထမဆုရ သတ္တမတန်းမှ မအီပွဲအား ဒုတိယဦးစီးမှူး ဒေါ်နန်းကြည်အေးကလည်းကောင်း၊ ဒုတိယဆုရ သတ္တမတန်းမှ မအဲကြည်အား ဆရာမဒေါ်သဥ္ဇာလွင်ကလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။


ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက အမျိုးသားနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသော အသိပညာပေး ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြသည်။

**ယဉ်ဝင်း(ပြန်/ဆက်)**







# မန္တလေးနန်းမြို့ရိုးပြအိုးကြီးများ ရှေးမူမပျက် မွမ်းမံ

**မန္တလေး၊ နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ မန္တလေးနန်းမြို့ရိုးရှိ ပြအိုးကြီး ၁၂ ခု၊ ထောင့်ပြအိုး လေးခု၊ ပြအိုးငယ် ၃၂ ခုတို့ကို မိုးဒဏ်၊ လေဒဏ်များကြောင့် ယိုယွင်းပျက်ဆီးမှုမှကာကွယ်ရန်နှင့် ရေရှည်တည်တံ့စေရေးအတွက် ရှေးမူမပျက် ဆီဆေးနီညိုရောင်သုတ်လျက် ပြုပြင်မွမ်းမံနေကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲစေရန် ပြုပြင်ထိန်းသိမ်းလျက်ရှိပြီး မန္တလေးမြို့၏ ပြယုဂ်ဖြစ်သော နန်းမြို့ရိုး၊ ကျုံးတို့ကို နေ့ခင်းပိုင်းတွင်သာမက ညပိုင်းတွင်ပါ နိုင်ငံခြားသားခရီးသွား ဧည့်သည်များ၊ ပြည်တွင်းဧည့်သည်များ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ခံစားကြည့်ရှုနိုင်စေရန် ညပိုင်းတွင် LED မီးဆလိုက်များ ထွန်းညှိခြင်း၊ ပြအိုးကြီးများ၊ ပြအိုးများ နီညိုရောင် ဆီဆေးသုတ်ခြင်းများ ပြုလုပ်နေခြင်းဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်မတော်သားများစုပေါင်း၍ နန်းမြို့ရိုးပတ်လည်ရှိ ချုံနွယ်မြက်များရှင်းလင်းခဲ့သည်။ **သီဟကိုကို**

# နမ့်စန်တွင် အထူးအထွက်တိုး ပုလဲသွယ်စပါး စံကွက်ရိတ်သိမ်း

**နမ့်စန်၊ နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ ဝမ်ပုံကျေးရွာအုပ်စု ကွင်းအမှတ်(၁)၊ ဦးပိုင်(၃၅)ရှိတောင်သူ ဦးခွန်မောင်မောင်၏ ပုလဲသွယ်စံပြကွက်လယ်နှစ်ဧကတွင် နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရိတ်သိမ်းပွဲတွင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက တောင်သူများအနေဖြင့် ပြောင်းလဲလာသည့် ခေတ်၊ စနစ်၊ ရာသီဥတုနှင့်အညီ သီးနှံများ ပြောင်းလဲစိုက်ပျိုးရေး၊ လိုအပ်သည့် အကူအညီများရှိပါက စိုက်ပျိုးရေးဦးစီးဌာန၊ သက်ဆိုင်ရာကော်မတီအဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းစောမြက မျိုးကောင်းမျိုးသန့်များ စနစ်တကျ ပြောင်းလဲစိုက်ပျိုးသွားရန်နှင့် အထူးအထွက်တိုး ပုလဲသွယ် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄) ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး တောင်သူ ဦးခွန်မောင်မောင်က ပုလဲသွယ်စပါး စိုက်ပျိုးရာတွင် မိမိအသုံးပြုသည့်နည်းစနစ် အဆင့်ဆင့်နှင့် ဓာတ်မြေဩဇာအသုံးမပြုဘဲ သဘာဝမြေဩဇာသာ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။



စံကွက်ရိတ်သိမ်းပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းစောမြနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးလှထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေအသုံးချမှုကော်မတီနှင့် လယ်ယာထုတ်ကုန်လုပ်ငန်းအစုအဖွဲ့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အကျိုးဆောင် တောင်သူများ တက်ရောက်အားပေးခဲ့ကြပြီး စံကွက်ရိတ်သိမ်းရာတွင် အစိုတင်း ၁၆၆ တင်းနှုန်း ထွက်ရှိခဲ့ကြောင်းသိရသည်။ **သူရအောင်(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်၊ ဝက်ကြီးကန်ကျေးရွာအုပ်စုတွင် မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ကျောက်ပန်းတောင်း၊ နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မှတ်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ဝက်ကြီးကန်ကျေးရွာအုပ်စု၊ ဝက်ကြီးကန်ရွာတွင် မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် ဆောင်ရွက်ပေးနေမှုအား ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် ညောင်ဦးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးထိန်လင်းတို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်းသိရသည်။

အခမ်းအနားတွင် ကျေးရွာပြည်သူများအား ဌာန၏ ဖြေလျှော့ဆောင်ရွက်ပေးမှု အခြေအနေများနှင့် နိုင်ငံသား အရည်အချင်းများကို တာဝန်ရှိသူများကရှင်းလင်းပြောကြားပြီး၊ နိုင်ငံသားကတ်ပြားများအား ကျေးရွာပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

ဝက်ကြီးကန်ကျေးရွာတွင် နိုင်ငံသားအရည်အချင်းပြည့်မီသည့် ကျေးရွာပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၄ ဦးတို့အား One Stop Service ဖြင့် အခမဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီးသိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၊မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ရုံးဝန်ထမ်းများအနေဖြင့် မိုးပွင့်အဆင့်(၇) စီမံချက်အရ တောင်ဇင်ကျေးရွာ၊ညောင်တိုကျေးရွာ၊ ဒေါင်းလည်ကျေးရွာ၊ သီးကုန်း ကျေးရွာနှင့်လက်ပန်ပင်ကျေးရွာ အုပ်စုများသို့လည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ဘီးလင်းတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေး

**ဘီးလင်း၊ နိုဝင်ဘာ ၁၆**

World Vision International Myanmar ၏ Operation Director ဖြစ်သူ ဒေါက်တာစောအိုင်ဗင် ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုကော်မတီများကို တွေ့ဆုံကာ စီမံချက်နယ်မြေအသစ်ဖြစ်သော ဘီးလင်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်း Operation Director ဒေါက်တာစောအိုင်ဗင်တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ကြသည်။

ယင်းနောက် မွန်၊ ကရင် စီမံချက်နယ်မြေတာဝန်ခံက အဖွဲ့၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ ကော်မတီဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနအကြီးအကဲများက ပညာရေး၊ ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများကို ချပြ၍ World Vision အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**





**ဖခင်အမည်မှန်**

ထားဝယ်မြို့၊ အလက (၂)၊ အထက(ခွဲ)၊ ပဥ္စမတန်း(C)မှ မပြေဦးနှင့် တတိယတန်း(B)မှ မောင်ကောင်းဝေယံစိုး၏ ဖခင်မည်မှန်မှာ ဦးထွေးခိုင်[၆/ထဝန(နိုင်)၀၀၀၂၄၅]ဖြစ်ပါသည်။

**မိခင်အမည်မှန်**

မြစ်ကြီးနားခရိုင်၊ အထကဆင်ဘို တတိယတန်း(A)မှ မလဲ့ယဉ်ဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်အေးမိစံ[၁/မကန(နိုင်) ၀၉၅၂၆၈]ဖြစ်ပါသည်။

**မိခင်အမည်မှန်**

မြစ်ကြီးနားခရိုင်၊ အထက ဆင်ဘို ပထမတန်း(A) မှ မောင်လင်းအာရဏ်၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းစက်အေး[၁/ ဆဘတ(နိုင်) ၀၀၁၀၁၈] ဖြစ်ပါသည်။






**(အ)ရှိ SEVEN စံ**

**မြေကွက်ရောင်းဝယ်ရေး**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါသလား? SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။

* ပွဲခလုံးဝမယူပါ *

ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၉၅၈၉၅၈

## လူကုန်ကူးမှုနှင့် အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်ရေး ဟောပြောပွဲ ကလေးမြို့နယ်တွင် ပြုလုပ်

**ကလေး၊ နိုဝင်ဘာ ၁၆**

ကလေးမြို့နယ် နန်းကျင်းဆောင်ဘုန်းကြီးကျောင်းတွင် လူကုန်ကူးမှုနှင့် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးအကြောင်း ဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက်တွင် ပြုလုပ်ရာ ကလေးခရိုင်အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်သရဖီဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်ဦးကျော်မျိုးသန်းက လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအကြောင်း၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြလွင်က အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးအကြောင်းနှင့် ခရိုင် အမျိုးသမီးရေးရာကော်မတီ အလုပ်အမှုဆောင် ဒေါ်နန်းနန်းထွေးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သိကောင်းစရာများကို အသီးသီးဆွေးနွေး ဟောပြောခဲ့ကြသည်။

ယင်းနေ့က ခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက နန်းကျင်းဆောင်နှင့် မြလင်းဘုန်းကြီးကျောင်းများတွင် တည်ထားကိုးကွယ်ရန် ဘုရားဆင်းတုတော် အဆူ၅၀ကို ပေးအပ်လှူဒါန်းခဲ့သည်။ **ဂျူနိုင်း**

## အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲပြုလုပ်

**ကရသူရိ၊ နိုဝင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရိမြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအား နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူးနှင့် အရာရှိများ၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဆုချီးမြှင့်ပွဲတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း သူငယ်တန်းမှ ဒသမတန်းအထိ ပညာရည် ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ကရသူရိ ပြန်/ဆက်**

# ရေဆင်း(၁) စပ်မျိုးနှကြာကွင်းပြပွဲ ကျင်းပ

**ကျောက်ပန်းတောင်း၊ နိုဝင်ဘာ ၁၆**

မိုးရွာသွန်းမှု နည်းပါးသည့် ကာလများတွင် ရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးရေးနှင့် စိုက်ပျိုးသည့် သီးနှံများ မြေမှန်၊ မျိုးမှန်၊ စိုက်နည်းစနစ်မှန်မှန်နှင့် ရာသီကိုက် စိုက်ပျိုးမှု မှန်ကန်စေရေး ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီကမန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲ၊ ကြက်မောက်တောင်မျိုးသန့်ခြံ(သရက်တော စိုက်ကွင်း)တွင် ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ကြက်မောက်တောင်မျိုးသန့်ခြံ ဦးစီးမှူး ဦးသန်းထွန်းက ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် လာရောက်လေ့လာကြသည့် တောင်သူများအား ရေဆင်း(၁) စပ်မျိုးနှကြာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ဆင်းရတနာ(၃) ဆောင်းနှမ်းများ ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးထားရှိမှု အခြေအနေများကို စိုက်ခင်းအတွင်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တောင်သူပညာပေး ဆွေးနွေးပွဲကို သရက်တောစိုက်ကွင်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး၊ ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးနိုင်နှင့် ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးကြည်တို့က ဆီထွက်သီးနှံများဖြစ်သည့် ရေဆင်း(၁) စပ်မျိုးနှကြာနှင့် ဆင်းရတနာ(၃) နှမ်းမျိုးများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးရေးပညာပေး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကြက်မောက်တောင် မျိုးသန့်ခြံဦးစီးမှူး ဦးသန်းထွန်းက ရေဆင်း(၁) စပ်မျိုးနှကြာ မျိုးထုတ်ခြင်းနှင့် စိုက်ပျိုးနည်းစနစ်များရရှိမည့် အကျိုးအမြတ်များနှင့်ပတ်သက်၍လည်းကောင်း၊ ဆောင်းသီးနှံ စိုက်ပျိုးမှုနှင့် အချိန်အခါအလိုက် စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း ပညာပေးဟောပြောပြီး၊ တောင်သူများက မေးမြန်းသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကွင်းပြပွဲနှင့် တောင်သူပညာပေးဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဌေးနိုင်၊ ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းနေကြာ စိုက်ပျိုးသည့် ကျေးရွာအုပ်စု ၂၅ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်း ၁၂၀ ဦးတက်ရောက်ခဲ့ကြသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



